# ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့၌ ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့သည့် (၂၂) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေး မှတ်တမ်း (မူကြမ်း)

## ရည်ရွယ်ချက်

၁။ (၂၂) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးအား အောက်ပါရည်ရွယ်ချက်များဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည် -

(က) ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၇-၁၉) ရက်နေ့၌ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် 2019 EITI Global Conference နှင့်ပတ်သက်၍ အတွေ့အကြုံများအားမျှဝေဆွေးနွေးရန်၊

(ခ) အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ် (Validation) နောက်ဆုံးအခြေအနေနှင့် ပြင်ဆင်ထားရှိရန် ကိစ္စများအား ဆွေးနွေးရန်၊

(ဂ) Grant extension ၊ MOU ၊ Comprehensive Work Plan ကိစ္စရပ်များနှင့် ပဉ္စမအကြိမ် အစီရင်ခံစာအတွက် Independent Administrator ငှားရမ်းခြင်းနှင့် Beneficial Ownership အခြေနေအနေများနှင့် အခြားအသေးစိတ်လုပ်ငန်းစဉ်များအား ဆွေးနွေးရန်

## အစည်းအဝေးတက်ရောက်သူများ

၂။ အစည်းအဝေးသို့ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ လေ့လာသူအဖြစ် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ အစိုးရကိုယ်စားလှယ် (၇) ဦး၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် (၆) ဦး၊ အရပ်ဘက်ကဏ္ဍကိုယ်စားလှယ် (၈) ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင် ရွက်ရေးအဖွဲ့ဝင် (၉) ဦး၊ ကမ္ဘာ့ဘဏ် (၁) ဦး၊ DFID မှ (၁) ဦး၊ DFAT မှ (၁) ဦး၊ MOBD မှ (၄) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၁၅) ဦး နှင့် အခြားလေ့လာသူ (၁၆) ဦး အပါအဝင် စုစုပေါင်း (၇၀) ဦး တက်ရောက်ခဲ့သည်။ အစည်းအဝေးတက်ရောက်သူများစာရင်းအား နောက်ဆက်တွဲ (၁) တွင် ဖော်ပြ ထားသည်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းအဖွင့်အမှာစကားပြောကြားခြင်း

၃။ ၂၂ ကြိမ်မြောက် MSG အစည်းအဝေးသို့တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးဒေါက်တာရဲမြင့်ဆွေ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း

အဖွဲ့ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ ကိုယ်စားလှယ်များအား မင်္ဂလာပါနံနက်ခင်းဟု နှုတ်ခွန်းဆက်ပါကြောင်း၊ ပြီးခဲ့သည့် (၂၁) ကြိမ်မြောက် အစည်းအဝေးပြီးသည့်နောက် လုပ်ငန်းကော်မတီအစည်းအဝေးအား ၂၃-၅-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးမှ Donor consultation အဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း၊ Grant Agreement ကိုလည်း ၂၀၂၁ ခုနှစ်၊ မတ်လအထိ တောင်းခံထားကြောင်း၊ အဆိုပါကိစ္စရပ်အတွက် ၁၈-၆-၂၀၁၉ ရက်နေ့တွင် ကမ္ဘာ့ဘဏ်မှလည်း အကြောင်းပြန်ခဲ့ကြောင်း၊ မိမိတို့ MSG အနေဖြင့် တာဝန်ခံရသည့်အဖွဲ့အစည်းဖြစ်သည့်အတွက် စနစ်တကျသုံးစွဲရန်တာဝန်ရှိကြောင်း၊

၄။ ပြီးခဲ့သည့် ပြင်သစ်တွင်ကျင်းပခဲ့သည့် ၂၀၁၆ EITI Global conference သို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ ဦးဆောင်၍ သွားရောက်ခဲ့ကြောင်း၊ အဆိုပါ Conference မှ EITI Standard ၊ Board အဖွဲ့နှင့် ဥက္ကဋ္ဌ အပြောင်းအလဲများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် Validation ရလဒ်မထွက်ခဲ့ကြောင်း၊ ထို့အတွက်လည်း စိတ်မကောင်းဖြစ်မိပါကြောင်း၊ Mining Cadaster Phase II Consultancy ငှားရမ်းရန်အတွက် ၃၀-၄-၂၀၁၉ ရက်နေ့တွင် နည်းပညာအဆိုပြုလွှာများအား အကဲဖြတ်ခဲ့ကြောင်း၊ ထို့နောက် နောက်ဆုံးဘဏ္ဍာရေးအဆိုပြုလွှာအား ၁၁-၆-၂၀၁၉ ရက်နေ့တွင် ဖွင့်ဖောက်ခဲ့ကြောင်း၊ (၅) ကြိမ် အစီရင်ခံစာ IA ရွေးချယ်ရန်အတွက် ၁၀-၆-၂၀၁၉ ရက်နေ့တွင် အကဲဖြတ်ထားကြောင်း၊ အဆိုပါ IA ကိစ္စရပ်အတွက် EOI evaluation report အပေါ် No Objection Letter (NOL) ရထားပြီးဖြစ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၃၀-၆-၂၀၁၉ ရက်နေ့တွင် Annual Progress Report အား အချိန်မီ တင်ပြနိုင်ခဲ့သည်ဟုသိရှိထားကြောင်း၊ စတုတ္ထအကြိမ်အစီရင်ခံစာ၏ နောက်ဆက်တွဲ အစီရင်ခံစာ အား ပြုစုနေသည်ဟု သိရှိထားကြောင်း၊ သစ်တောကဏ္ဍအစီရင်ခံစာများထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း၊ Forest Reports Review workshop ကိုလည်း ၁၃-၇-၂၀၁၉ ရက်နေ့တွင် ပြုလုပ်ရန် စီစဉ်ထားကြောင်း၊ မိမိတို့သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် MEITI စုဖွဲ့မှုပုံစံကိုပြန်လည်ပြင်ဆင်ရန်လည်း လိုအပ်နေပြီဖြစ်ကြောင်း၊

၅။ EITI standard များအတိုင်း စုဖွဲ့မှုအား ပြင်ဆင်ရန်လိုအပ်ကြောင်း၊ validation ရလဒ်အားမျှော်လင့်ခဲ့ကြောင်း၊ ရလဒ်မထွက်ပေါ်သေးသည့်အတွက် အကဲဖြတ်မှုအား ဘုတ်အဖွဲ့အသစ်နှင့် ဆက်လက်ခရီးဆက်ရမည်ဖြစ်ကြောင်း၊ မူအကျင့်အသစ်များနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ အကဲဖြတ်မှုရလဒ်၌ ကဏ္ဍတစ်ခုနှင့်တစ်ခုမတူညီခဲ့ကြောင်း၊ meaningful အဆင့်အထိ ရသင့်ခဲ့သည်ဟုထင်မြင်ခဲ့ကြောင်း၊ International EITI secretariat နှင့်ပြန်လည်ညှိနှိုင်းရန်လိုအပ်ကြောင်း၊ EITI Compliant ဖြစ်လာပါက ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုများ ပိုမိုလာမည်ဟု မျှော်လင့်ထားကြောင်း၊ အခြားကဏ္ဍအနေဖြင့် မိမိတို့နိုင်ငံတွင် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်ခဲ့ကြောင်း၊ EITI အနေဖြင့်လည်း ဆောင်ရွက်နိုင်သည့်နေရာများအား နိုင်နိုင်နင်းနင်းဖြင့်လုပ်ရမည်ဖြစ်ကြောင်း၊ IA များ၏အကြံပြုချက်များအတိုင်း တစ်ဆင့်ပြီး တဆင့် ဆက်လက်အကောင်အထည်ဖော်ရန်အကြံပြုပါကြောင်းပြောကြားရင်း နိဂုံးချုပ်ခဲ့သည်။

## မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အမှာစကားပြောကြားခြင်း

၆။ ယနေ့အစည်းအဝေးသို့တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ကိုယ်စားလှယ်များ၊ SNU များ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် DFID ၊ DFAT နှင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ နှင့်လေ့လာသူများအားလုံးအား မင်္ဂလာနံနက်ခင်းပါဟု နှုတ် ခွန်းဆက်ပါကြောင်း၊ ပြီးခဲ့သည့်လက EITI Global conference 2019 ကို တက်ရောက်ခဲ့ပါ ကြောင်း၊ အဆိုပါ Conference ၌ စံနှုန်းအသစ်အား အတည်ပြုခဲ့ပါကြောင်း၊ ထို့အတွက် ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့တို့က တို့မှ အမြင်ဖွင့်ဆွေးနွေးပွဲများဆက်လက်ကျင်းပရန်လိုအပ်လိမ့်မည် ဖြစ်ကြောင်း၊ အဆိုပါ Conference တွင် EITI Outgoing chair နှင့်လည်း တွေ့ဆုံခွင့်ရခဲ့ကြောင်း၊ အခြားနိုင်ငံ EITI အဖွဲ့များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊

၇။ ဘုတ်အဖွဲ့အသစ်၏ အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ အီသီယိုးပီးယားနိုင်ငံတွင်ကျင်းပမည်ဟုသိရှိထားကြောင်း၊ အဆိုပါဘုတ်အစည်းအဝေးတွင် မိမိတို့နိုင်ငံ၏ validation ကိစ္စရပ်အား ဆွေးနွေးမည်ဟုမျှော်လင့်ကြောင်း၊ မိမိတို့ EITI အနေဖြင့် Reflection conference အစီရင်ခံစာနှင့် ၂၀၁၈-၂၀၁၉ Annual Progress Report များအား တင်သွင်းခဲ့ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာရေရှည်ထောက်ပံ့မှုအတွက်ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ Grant သက်တမ်းတိုးရန်ညှိနှိုင်းပြီးသားသိရှိထားကြောင်း၊ International EITI မှ သြဂုတ်လအတွင်းလာရောက်ဆွေးနွေးရန်လည်းရှိကြောင်း၊ MOPF ၏ Donor consultation အဖွဲ့နှင့်အတူ MSG များမှ ပါဝင်ဆွေးနွေးပေးရန် တိုက်တွန်းပါကြောင်း၊

၈။ ယနေ့အစည်းအဝေး၌ SNU ဖွဲ့စည်းခြင်း၊ အင်ဒိုနီးရှားခရီးစဉ်အပါအဝင် တိုးတက်မှုအခြေအနေများအားလုံးတင်ပြကြမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် MSG ၏ ဆုံးဖြတ်ချက်များဖြင့် အကောင်အထည်ဖော်နေပါကြောင်း၊ NCS ၏ ဦးဆောင်မှုဖြင့်သွားနေ ခြင်းမဟုတ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရှိသည်များကို ဂရုပြုစေလိုပါကြောင်း၊ ဘုံသဘောတူမှုရမှဆောင်ရွက်ရသောကြောင့် လွတ်လပ်စွာပြောဆိုကြရန်တိုက်တွန်းကြောင်း၊ EITI လုပ်ငန်းစဉ်များအား အနာဂတ်မှာအောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်းအသိပေး ရင်း နိဂုံးချုပ်ပါကြောင်းဖြင့် အမှာစကားပြောကြားခဲ့သည်။

## (၂၁) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များအကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ

၉။ ၂၀၁၉ ခုနှစ်၊ မေလ (၃) ရက်နေ့၌ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များအကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများအား အောက်ပါအတိုင်း တင်ပြခဲ့သည် -

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မှုအခြေအနေ |
|---|---|---|
| ၁ | • နောက်ဆက်တွဲအစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ အတွက် ထုတ်လုပ်မှုတန်ဖိုးကို IA မှ အစည်းအဝေးတွင် တင်ပြထားသည့်အတိုင်း တွက်ချက်၍ ထည့်သွင်းဖော်ပြပေးရန်၊<br>• ယင်းတွက်ချက်ပုံနှင့်စပ်လျဉ်း၍ IA မှရှင်းလင်းတင်ပြချက် ထည့်သွင်းရန်၊<br>• OA အကောင့်များနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းဖော်ပြရေးသားရန်၊<br>• Training Fund နှင့် Research and Development Fund အတွက် MOGE မှ အသေးစိတ်ဖော်ပြရှင်းလင်းချက်အား ပေးရန်၊<br>• Report Cover အတွက် MEITI ကိုထင်ဟပ်စေမည့် Cover သုံးပေးရန်၊ | ပြီးစီး (မေလ ၃၀ ရက်နေ့ နှင့် ဇွန်လ ၂၄ ရက်နေ့ နည်း/စီ အစည်းအဝေးများတွင် ဆွေးနွေးခဲ့) |
| ၂ | BO Presidential Decree တွင် အောက်ပါအတိုင်း ပြင်ဆင်ရန် -<br>• အပိုဒ် (၁) နှင့် အပိုဒ် (၁၂) တွင် ဖွဲ့စည်းတည်ထောင်မှုအမျိုးအစားများနှင့်ပတ်သက်၍ **DICA** မှ သတ်မှတ်ထားသည့် အမျိုးအစားများအတိုင်းထည့်သွင်းဖော်ပြရန်၊<br>• အပိုဒ် (၃) တွင် “ဓါတ်သတ္တု (“ကျောက်စိမ်း၊ ကျောက်မျက်၊ တူးဖော်ထုတ်လုပ် ရောင်းချခြင်း” )၊ ပုလဲ၊ သစ်တော” ဖြည့်စွက်ထည့်သွင်းရန်၊<br>• အပိုဒ် (၅)၊ (၆) နှင့် (၁၁) တို့သည် ဆိုလိုရင်းတူသဖြင့်ပေါင်းရန်၊ စကားလုံးအသုံးအနှုန်းများအား BO လုပ်ငန်းစဉ်နှင့် ထင်ဟပ်ကိုက်ညီအောင် ပြောင်းလဲရန်၊<br>• အပိုဒ် (၁၀) တွင် “တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ” ဆိုသည့်စာသားအားဖြုတ်ရန်၊<br>• အမိန့်ကြော်ငြာစာအား အရေးအသား ကျစ်လစ်စေရန်နှင့် အမိန့်ကြော်ငြာစာနှင့် အသွင်တူသောအသုံးအနှုန်းများအတိုင်း ပြင်ဆင်ရေးသားရန်၊<br>• “ဥပဒေကဲ့သို့အာဏာတည်သောအမိန့်” ဟုသော စကားရပ်အား ထည့်သွင်းရန်၊ | ပြီး (အစည်းအဝေးနေ့တွင် ပြင်ဆင်ရန် MSG အား ဖြန့်ဝေကာ သဘောထားမှတ်ချက်တောင်းခံခဲ့ပြီးနောက် MOPF ထံသို့ တင်ပြခဲ့၊ MOPF မှ AGO အပါအဝင် သက်ဆိုင်ရာဌာနများထံသဘောထားမှတ်ချက်တောင်းခဲ့၊ AGO ရုံးမှလည်း NOL ပေးထားကြောင်းသိရ၊ လုပ်ငန်းစဉ်အရ NECC ထံမှတဆင့် သမ္မတရုံးသို့ ဆက်လက်တင်ပြရမည် |

| | | |
|---|---|---|
| | အမိန့်ကြော်ငြာစာအား ယင်းအချက်များနှင့် ကိုက်ညီအောင်ပြင်ဆင်၍ ရှေ့နေချုပ်ရုံးနှင့် မဆွေးနွေးမီ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သို့ ဖြန့်ဝေရန်၊ | ဖြစ်၊ ထိုသို့မတိုင်မီ MOPF ဝန်ကြီး နှင့်ညှိနှိုင်းရေးမှူး တို့ တွေ့ဆုံဆွေးနွေးခဲ့) |
| ၃ | NRGI မှ Resource Person အားဖိတ်ခေါ်၍ BO သင်တန်းပေးရန်အတွက် MEITI Work Plan ၏ ဘတ်ဂျက်လိုင်း 3.2.1 – Capacity Development မှ သုံးစွဲခွင့်ပြုရန်၊ | ပြီးစီး |
| ၄ | • ဆဋ္ဌမအကြိမ်မြောက်နှင့် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာများအတွက် IA တစ်ဦးတစ်ဖွဲ့တည်း ငှားရမ်းရန်၊<br>• ယင်း IA မှ Timeline နှစ်ခုဖြင့် အစီရင်ခံစာများအား ထုတ်ပြန်ပေးရန်၊ | ဆောင်ရွက်ဆဲ |
| ၅ | အစီရင်ခံစာပါအကြံပြုတိုက်တွန်းချက်များ အသေးစိတ်ဆွေးနွေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီကျင်းပရန်၊ | ဆောင်ရွက်ရန်ကျန် |
| ၆ | • Systematic Disclosure အပါအဝင် အခြားနည်းပညာဆိုင်ရာလုပ်ငန်းစဉ် အသေးစိတ်ဆောင်ရွက်ရန်ကိစ္စရပ်များအား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်း ခွဲကော်မတီတွင်ဆွေးနွေးရန်<br>• MSG Governance နှင့်စပ်လျဥ်း၍ အသေးစိတ်ဆောင်ရွက်ရန်ကိစ္စရပ်များအား လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရန်၊<br>• ပုလဲကဏ္ဍနှင့်ပတ်သက်၍ MPE ၏ အကြီးတန်းတာဝန်ရှိသူများနှင့် Myanmar Tasaki မှ မြန်မာနိုင်ငံတာဝန်ခံ၊ နိုင်ငံခြားတာဝန်ခံများအား ဖိတ်ခေါ်၍ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင်ရှင်းပြရန်၊ | systematic Disclosure အား ဇွန်လ (၁၀) ရက်နေ့ နည်း/စီတွင် ဆွေးနွေးခဲ့၊ MSG Governance အား မေလ (၃၁) ရက်နေ့ လုပ်ငန်း/စီ တွင် ဆွေးနွေးခဲ့၊ ပုလဲကဏ္ဍနှင့်ပတ်သက်၍ MPE နှင့် Myanmar Tasaki တို့အား မေလ (၃၀) ရက်နေ့တွင် ရှင်းလင်းခဲ့ပြီး Confidential Period အား IA စာချုပ်တွင် (၂) နှစ်အစား (၅) နှစ်အထိ ပြန်လည်သုံးသပ်ရန် အကြံပြုခဲ့။ |
| ၇ | သစ်တောကဏ္ဍအစီရင်ခံစာများနှင့် စပ်လျဥ်း၍ အောက်ပါအချက်များအား သဘောတူသည်-<br>• ဒုတိယနှင့်တတိယအကြိမ် သစ်တောကဏ္ဍအစီရင်ခံစာ (မြန်မာဘာသာ) များအား တစ်အုပ်တည်းပေါင်း၍ ထုတ်ဝေရန်၊<br>• အရေအတွက်အားဖြင့် အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေ (၂၀၀) စီ နှင့် မြန်မာဘာသာဖြင့် အုပ်ရေ (၂၀၀၀) အား ဘက်ဂျက်နှင့်ချိန်ညှိ ထုတ်ဝေရန်၊<br>• အစီရင်ခံစာထုတ်ပြန်မည့်နေ့ရက်များအား Forest Trend နှင့် ပြန်လည်ညှိနှိုင်းရန်၊ | ပြီးစီး (ဇူလိုင် ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခြင်းနှင့် ဇူလိုင် ၁၃ ရက်နေ့တွင် Review Workshop ကျင်းပရန်စီစဉ်ထား) |

| | | |
|---|---|---|
| ၈ | Global Conference 2019 နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအား သဘောတူသည်-<br>• National Innovation Exchange တွင် မြန်မာနိုင်ငံ Booth အတွက် ပြသရန်၊<br>• EITI Chair's Award အတွက် မြန်မာနိုင်ငံအနေဖြင့် အဆိုပြုရန်နှင့် လိုအပ်သည့် essay ရေးသားလျှောက်ထားရန်၊<br>• EITI Global Conference တွင် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ရန်အတွက် ကုန်ကျမည့်ကုန်ကျစရိတ်များ၊ အခြားနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးမည့် Side Meetings များ၊ လိုအပ်သည့် Display ပြသရန် video, report, infographic, poster, etc စသည့်တို့ထုတ်ဝေရန်အတွက် ကုန်ကျစရိတ်များသည် US$ 10,000 ထက်ကျော်လွန်ပါကလည်း MEITI Work Plan မှ ကျခံသုံးစွဲရန်၊<br>• ယင်းဘတ်ဂျက်နှင့် ကုန်ကျစရိတ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စရပ်များအား MOBD ၊ ကမ္ဘာ့ ဘဏ်နှင့် NCS တို့မှ ဆက်လက်ဆွေးနွေးဆောင်ရွက်ရန်။ | ပြီးစီး |
| ၉ | EITI Reflection Conference အား မေလ (၂၇-၂၈) ရက်နေ့၌ နေပြည်တော် တွင် ကျင်းပရန်၊<br>• ကုန်ကျစရိတ်အား NRGI မှ ကျခံမည်။ | ပြီးစီး |
| ၁၀ | Exposure Trip on Mining Decentralization to Indonesia ခရီးစဉ်နှင့်စပ် လျဉ်း၍ -<br>• ကချင်၊ စစ်ကိုင်း၊ ရှမ်း၊ မန္တလေး အစိုးရအဖွဲ့များအား ဦးစားပေးရန်၊<br>• ပြည်ထောင်စုနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအပြင် ပြည်နယ်/တိုင်းလွှတ်တော်ကိုယ်စားလှယ်များ၊ Policy Maker များအား ထည့်သွင်းစဉ်းစားရန်၊<br>• ခရီးစဉ်အား ဇူလိုင် (၇) ရက်မှစသည့်အပတ်ကိုလျာထားရန်၊ | ဇူလိုင် ၁၃-၂၀ သွားရောက်ရန် စီစဉ်ထား၊ (၂၀) ဦးခန့် သွားရောက်ရန်စီစဉ်ထား၊ |
| ၁၁ | • Supplementary Report အား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီ တွင် ဆွေးနွေးအတည်ပြုရန်၊<br>• EITI Implementation Structure အစီရင်ခံစာနှင့်စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်နှင့်စီမံ အုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးရန်၊ | Supplementary Report အား မေလ (၁၀) ရက်နေ့ နှင့် ဇွန်လ (၂၄) ရက်နေ့ နည်း/စီ အစည်းအဝေးတွင် ဆွေးနွေးခဲ့၊ EITI Implementation Structure အစီရင်ခံစာအား မေလ |

| | | |
|---|---|---|
| | | (၃၁) ရက်နေ့ လုပ်ငန်း/စီ အစည်းအဝေးတွင် ဆွေးနွေးခဲ့၊ |
| ၁၂ | အစည်းအဝေးလျာထားရက်များ -<br>• (၂၂) ကြိမ်မြောက် MSG အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် ကျင်းပရန်<br>• Mining Cadaster Evaluation အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ မေလ ( ) ရက်နေ့တွင် ကျင်းပရန်၊<br>• နည်း/စီ အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ကျင်းပရန်<br>• လုပ်ငန်း/စီ အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ကျင်းပရန်၊<br>• ပြန်/ဆက်အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ မေလ (၂၁) ရက်နေ့တွင် ကျင်းပရန်၊<br>• ရွေးချယ်ရေးကော်မတီအစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့တွင် ကျင်းပရန်၊ | Mining Cadaster Evaluation အစည်းအဝေးမှလွဲရန် ကျန်အစည်းအဝေးများ ကျင်းပနိုင်ခဲ့<br><br>နည်း/စီအစည်းအဝေး အား မေလ (၃၀) ရက်နေ့၊ ဇွန်လ (၁၀) ရက် နှင့် (၂၄) ရက်နေ့များ၊ လုပ်ငန်း/စီ အား မေလ (၃၁) ရက်နေ့၊ ပြန်/ဆက်အား မေလ (၃၁) ရက်နေ့၊ ရွေးချယ်ရေးအစည်း အဝေးအား ဇွန်လ (၁၀) ရက်နေ့ကျင်းပခဲ့၊ |

**2019 EITI Global Conference မှ အတွေ့အကြုံများအား မျှဝေခြင်း**

၁၀။ 2019 EITI Global Conference အား ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၇-၁၉) ရက်နေ့တွင် ကျင်းပခဲ့ကြောင်း၊ အဆိုပါ Conference ၌ Board member များအား (၃) နှစ်တစ်ကြိမ် အပြောင်းအလဲပြုလုပ်ခဲ့ကြောင်း၊ ပထမ (၁၇) ရက်နေ့တွင် National Coordinator Meeting ကျင်းပခဲ့ကြောင်း၊ အဆိုပါနေ့၌ပင် EITI စံနှုန်းအသစ်များအားဆွေးနွေးခဲ့၊ မရှင်းလင်းသည့် အချက်များအား မေးမြန်းခဲ့ကြကြောင်း၊ မိမိသိရှိထားသည်မှာ ယခုနှစ်ဒီဇင်ဘာလအထိ 2016 standard (သို့မဟုတ်) 2019 standard (၂) မျိုးလုံးဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ ဒီဇင်ဘာနောက်ပိုင်း၌

2019 standard ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ (၄၃) ကြိမ်မြောက်အစည်းအဝေးကိုလည်း (၁၇) ရက်နေ့နေ့ပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း၊ ဘုတ်အစည်းအဝေး တွင် validation အကြောင်းအရာများ အား ဆွေးနွေးခဲ့ကြောင်း၊ စနစ်ကျသည့် ဆွေးနွေးမှုများတွေ့ခဲ့ရကြောင်း၊

၁၁။ (၁၈) ရက်နေ့တွင် စီစဉ်ထားသည့် sideline meeting/ bilateral meeting များအား တွေ့ဆုံခဲ့ကြောင်း၊ Pitch Corner တွင်လည်း သတ္တုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဟန် မှ ရှင်းလင်းခဲ့ကြောင်း၊ international EITI နှင့်လည်း တွေ့ဆုံခဲ့ပြီး ၎င်းတို့ထံမှ မည်သည့်ကြောင့် validation ရလဒ်မထွက်သည်ကိုလည်း ရှင်းလင်းသိရှိခဲ့ကြောင်း၊ Philippine EITI နှင့်လည်းတွေ့ဆုံခဲ့ပြီး SOE ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း၊

၁၂။ (၁၉) ရက်နေ့တွင် Open Ownership နှင့်တွေ့ဆုံခဲ့ကြောင်း၊ Indonesia EITI နှင့်လည်းတွေ့ခဲ့ရကြောင်း၊ ယခုလတွင်သွားရောက်မည့် အင်ဒိုခရီးစဉ်အတွက် အထောက်အပံ့ ဖြစ်ခဲ့ကြောင်း၊ ၎င်းတို့နှင့်တွေ့ဆုံရာ၌ ဘဏ္ဍာငွေစီမံခန့်ခွဲမှုများကိုလည်းမျှဝေခွင့်ရခဲ့ ကြောင်း၊ NRGI ဥက္ကဋ္ဌ နှင့်လည်း တွေ့ဆုံခွင့်ရခဲ့ပါကြောင်း၊ အဆိုပါ conference တွင် မိမိတို့မတက် ရောက်နိုင်ခဲ့သည့် Sector များအတွက် မိမိတို့ NCS အနေဖြင့် Youtube channel မှ ဆွေးနွေးခဲ့သည်များ ကို ပြန်လည်လေ့လာ၍ အားလုံးကို မျှဝေနိုင်ရန် NCS မှ ကြိုးစားနေပါကြောင်း၊ (၁၇) ရက်နေ့၌ ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာ validation အကြောင်းဆွေး နွေးရန်ပါဝင်ခဲ့ကြောင်း၊ သို့သော် ဆုံးဖြတ်ချက်မချနိုင်ခဲ့ဘဲ အဆိုပါ ဘုတ်မှ နောက်အသစ် EITI Board အား လွှဲပြောင်းပေးခဲ့ကြောင်း၊ အီသီယိုးပီးယား နိုင်ငံတွင် အောက်တိုဘာလ၌ ကျင်းပမည့် အစည်းအဝေးတွင် ဆွေးနွေးမည်ဟုသိရကြောင်း၊ Validation အစီရင်ခံစာအရ Requirement (1) ပါ အစိုးရ၏ ပူးပေါင်းပါဝင်မှု၊ အရပ်ဘက်ပါဝင်မှုများသည် satisfactory ရခဲ့ကြောင်း၊ အဆိုပါ အရပ်ဘက်ကဏ္ဍမှ civic space အတွက် အပြည့်အဝမရ၍ ကန့်ကွက်မှုများရှိခဲ့ကြောင်း၊ ဘုတ်အဖွဲ့အသစ်၏ ဥက္ကဋ္ဌသည် နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း Ms. Helen Clerk ဖြစ်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး ညှိနှိုင်းဆက်သွယ်မှုများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း စသဖြင့် ညှိနှိုင်းရေးမှူးရုံးမှ တင်ပြခဲ့သည်။

၁၃။ ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးကလည်း Validation အား Postpone ပြုလုပ်ခံခဲ့ရ သည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ MSG အနေဖြင့် ကနဦးရလဒ်ရပြီးကတည်းက အကြိမ် ပေါင်းများစွာဆွေးနွေးခဲ့ကြောင်း၊ တစ်ခုအံ့သြခဲ့ရသည်မှာ MATA မှ တင်ပြခဲ့သည့် စာအား တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ MSG အားတင်ပြ ပြီးမှသာ ဆက်လက် ဆောင်ရွက်ရ မည်ဟုထင်မြင်ကြောင်း၊ EITI အနေဖြင့် အဆိုပါတင်ပြမှုအပေါ် မည်သို့အကြောင်းပြန်မှု အားသိရှိချင် ကြောင်း မေးမြန်းခဲ့သည်။

၁၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ပုဂ္ဂလိကကိုယ်စားလှယ်တင်ပြသည်ကို ပြန်ရုတ်သိမ်းပေးရန် အဆိုပြုပါကြောင်း၊ မမျှတဟုထင်မြင်ကြောင်း၊ အဆိုပါ Requirement ၁.၃ အား လက်မခံနိုင်ဟု မိမိတို့အရပ်ဘက်မှ အစဉ်တစိုက်ပြောခဲ့ခြင်းဖြစ်ကြောင်း၊ အသိမပေး ဘဲ ပြုလုပ်ခဲ့ခြင်းမရှိ ကြောင်း၊ validation postpone ဖြစ်သွားခြင်းသည် MATA ကြောင့်ဆိုသည်ကို လက်မခံကြောင်း၊ အားလုံးပွင့်လင်းမြင်သာစွာလုပ်ကြောင်း တင်ပြခဲ့သည်။

၁၅။ ပုဂ္ဂလိကကိုယ်စားလှယ်ကလည်း Validation နှင့်ပတ်သက်၍ MSG ကိုယ်စားပြုပုံစံဖြင့်သာ အကြောင်းပြန်ရန်ဆွေးနွေးခဲ့ကြကြောင်း၊ သီးခြားဆောင်ရွက်ခြင်းသည် လမ်းကြောင်းအတိုင်း ဆောင်ရွက်သည်ဟု မထင်မြင်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

၁၆။ အရပ်ဘက်ကိုယ်စားလှယ်ကလည်း နိုင်ငံတကာ CSO ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်မှာ MSG အစည်းအဝေးတွင် လွတ်လပ်စွာဆွေးနွေးခွင့်ရသည်ကိုဘဲ အမှတ်ပေးထားကြောင်း၊ meaningful progress လောက်ဘဲ ရသင့်သည်ကို ဆွေးနွေးခဲ့ကြကြောင်း၊ သို့သော် တကယ့်လက် တွေ့ တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အစည်းအဝေး များ ကျင်းပခြင်းကို ပိတ်ပင်မှုများရှိခဲ့ကြောင်း၊ CSO positioning paper တင်ခြင်းများ ယခင်ကလည်းရှိခဲ့ကြောင်း၊ အခြားနိုင်ငံများလည်းတင်ပြခဲ့ကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများမှ စာတင်သောကြောင့် validation postpone ဖြစ်ရ သည်ဟု ပြောခြင်းကို ပြန်ရုတ်သိမ်းရန်နှင့် ToR အား ပြန်လည်သုံးသပ်စေချင်ကြောင်း၊ မိမိတို့ MATA မှ စာတင်ခြင်းကြောင့်မဟုတ်ကြောင်း၊ အခြားအားနည်းချက်များလည်း ရှိမည်ဟုလည်း ထင်ကြောင်း၊ အဆိုပါ Validation အတွက် ဆွေးနွေးမှုများကိုလည်း ပြန်လည်ကြည့်ရှုနိုင်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်များက ဆွေးနွေး ခဲ့သည်။

၁၇။ ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးကလည်း အဆိုပါ Conference သို့သွားရောက်သည့်ကိုယ်စားပြု အဖွဲ့အနေဖြင့် Myanmar EITI ကိုယ်စားပြုသွားခဲ့ခြင်းဖြစ်မည်ဟု ယူဆကြောင်း၊ အဖွဲ့တစ်ခုကိုသာ ကိုယ်စားပြုသည့်ပုံစံဖြင့် သွားခဲ့ခြင်းမဟုတ်ဟု ထင်မြင်ကြောင်း မေးမြန်းဆွေးနွေးခဲ့သည်။

၁၈။ အဆိုပါမေးမြန်းမှုအပေါ် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက မိမိတို့အနေဖြင့် အရပ်ဘက်ကိုယ်စားပြုသွားခြင်းဖြစ်ကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများအား အပြစ်တင်မှုများနှင့် blaming များ မပြုလုပ်စေချင်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦး ကလည်း Validation ရလဒ်မထွက်ခြင်းသည် မကောင်းသတင်းမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် corrective actions များကို ဦးတည်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ မိမိတို့အရပ်ဘက်အနေဖြင့် မဖြစ်နိုင်သည်များကို တောင်းဆိုခြင်းမဟုတ်ကြောင်း၊ International CSO များကလည်း ဘုတ်အစည်းအဝေးတွင် Civic space အား ကန့်ကွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဘုတ်အဖွဲ့အစည်း အဝေးတွင် ဝင်ရောက်ခွင့်မရှိကြောင်း ပြောကြားခဲ့သည်။

၁၉။ Requirement 1.3 အား CSO ရလဒ်အနေဖြင့် Beyond ရသင့်ကြောင်း အကြောင်းပြန်ထားကြောင်း၊ MATA 's positioning paper အား conference မကျင်းပမီ (၁၅) ရက်နေ့တွင်တင်ထားသည်ကို တွေ့ရကြောင်း၊ မိမိအီးမေးလ်အား မိတ္တူပေးခဲ့ကြောင်း၊ EITI မှ Mark Robison က အဆိုပါ တင်ပြမှုအပေါ် လက်မခံကြောင်း အကြောင်းပြန်ထားကြောင်း ညှိနှိုင်းရေးမှူးရုံး၏ နည်းပညာအကြံပေးက တင်ပြခဲ့သည်။ EITI secretariat နှင့် အစည်းအဝေးတွင်လည်း အဆိုပါ ကိစ္စကြောင့်ဆိုသည်ကို သိရှိခဲ့ပါကြောင်း ညှိနှိုင်းရေးမှူးက တင်ပြခဲ့သည်။

၂၀။ MATA ၏ Position Paper အား မိမိတို့ ပေးပို့ခဲ့ကြောင်း၊ NCS အား ပုံမှန်လမ်းကြောင်းအတိုင်း (formal) မိတ္တူမပေးခဲ့ခြင်းမှလွဲ၍ အသိပေးပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Secretariat ၏ အကြောင်းပြန်မှုကို ကြည့်မည်ဆိုပါကလည်း မိမိတို့စာအား လက်ခံမစဉ်းစားသည့်အတွက် မိမိတို့ MATA ကြောင့်သက်သက်မဟုတ်သည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်များက တင်ပြခဲ့သည်။

၂၁။ ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့ MSG အနေဖြင့် တစ်ဦးချင်းစီသည် စားပွဲပေါ်တွင် ရည်ရွယ်ချက်မတူကြကြောင်း၊ လားရာမတူဘဲ လာရောက်ခဲ့ပေသော်လည်း ယခုဆောင်ရွက်သည့် အခါ ဦးတည်မှုတစ်ခုဘဲ ဆောင်ရွက်သင့်ကြောင်း၊ EITI ပျက်သွားစေချင်သည့်သူများလည်းရှိကြောင်း၊ Facts and Figures များဖြင့် သေချာပြောစေချင်ကြောင်း၊ တစ်ယောက်နှင်တစ်ယောက် အပြစ်တင်မှု များမပြုလုပ်စေချင်ကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။

၂၂။ Validation ရလဒ်သည် MATA ကြောင့်မဟုတ်ဘဲ အခြားအားနည်းချက်များ ကိုလည်း ပြောကြားခဲ့မည်ဟုထင်မြင်ကြောင်း၊ ထိုပြောဆိုမှုများကို သိရှိချင်ကြောင်း အရပ်ဘက်ကိုယ်စားလှယ် တစ်ဦးက မေးမြန်းခဲ့သည်။

၂၃။ မိမိတို့အနေဖြင့် International secretariat နှင့်တွေ့ဆုံခဲ့ကြောင်း၊ အဆိုပါတွေ့ဆုံမှုတွင် EITI Outgoing Chair Fredrik ၊ အာရှတာဝန်ခံ Ms. Gay နှင့် Alex တို့ပါခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးတွင်လည်း Requirement ၁.၃ ကြောင့် ဆိုသည်ကို အကြောင်းပြန်ထားကြောင်း၊ အားလုံးမှ ရလဒ်တစ်ခုရရန် မျှော်လင့်ထားခဲ့ကြောင်း၊ ရလဒ်ရပြီး Corrective actions များ မြန်မြန်ပြင်ဆင်ရန် တွန်းအားဖြစ်စေချင်ကြကြောင်း၊ transition period များရှိသောကြောင့် မြန်မြန်ရလဒ်ရချင်ခဲ့ကြကြောင်း၊ EITI ဘက်မှလည်း မိမိတို့နိုင်ငံ၏ အခြေအနေအပေါ် နားလည်လက်ခံသည့်အကြောင်း သိရှိခဲ့သည်ဟု ပြောကြားခဲ့သည်။

၂၄။ ဒုတိယညှိနှိုင်းရေးမှူးကလည်း EITI Board အဖွဲ့က assessment လုပ်ထားခြင်းမှ 1.3 အား satisfactory ပေးထားသည်ကို ဆွေးနွေးခဲ့ကြောင်း၊ EITI secretariat ကလည်း Satisfactory ရလဒ်အား မလျော့ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ validation ကိစ္စဆွေးနွေးရာတွင် ဘုတ်အဖွဲ့နှင့် secretariat အကြားထပ်မံဆွေးနွေးရန်လိုအပ်သဖြင့် ဘုတ်အဖွဲ့အသစ်ထံသာ ပြန်လွှဲခဲ့ခြင်းဟု သိရှိထားကြောင်း ဆွေးနွေးခဲ့သည်။

၂၅။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌကလည်း ယခုကဲ့သို့ Postpone လုပ်သည့်အတွက် ယခင် assessment အပေါ်တွင်ဘဲ အခြေခံမည်လား၊ နောက်ထပ် validator လာမည်လားဆိုသည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့ပြီး အဆိုပါမေးမြန်းမှုအပေါ် နည်းပညာအကြံပေးမှ လက်ရှိအကဲဖြတ်ဆန်းစစ်ခြင်းအစီရင်ခံစာအပေါ် အခြေခံမည်ဖြစ်ပါကြောင်း၊ Corrective actions များအတွက်လည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပထမ validation ရလဒ်ထွက်ပေါ်လာပါက (၁၈) လအတွင်း corrective action များအား ဆောင်ရွက်ရမည်ဖြစ်ပြီး ထို့နောက် ဒုတိယအကြိမ် Validation အား ဖြတ်သန်းရမည်ဟု သိရှိထားကြောင်း တင်ပြခဲ့သည်။

၂၆။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ယခုအခြေအနေသည် validation committee နှင့် ဘုတ်အဖွဲ့အကြား အမြင်မတူသည်ကို အပြန်အလှန်ငြင်းကြသည့်အခြေအနေတစ်ခုဟုယူဆကြောင်း လည်းဆွေးနွေးခဲ့သည်။

၂၇။ Public What You pay ၏ စာမျက်နှာ မှ Civic space narrow ဖြစ်ခြင်းကြောင့် ဆက်လက်ဆွေးနွေးရန် ဘုတ်အသစ်ကို လွှဲခြင်းဖြစ်ကြောင်း ဟုဖော်ပြထားပြီး မည်မျှအငြင်းပွားခြင်း ဖြစ်စေကာမူ ဘုတ်ဥက္ကဋ္ဌမှ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်းလည်း ဒုတိယညှိနှိုင်းရေးမှူးက တင်ပြခဲ့သည်။

၂၈။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌကလည်း အချိန်သည်တန်ဖိုးရှိကြောင်း၊ assessment team အဖွဲ့ဝင်များမြန်မာပြည်ကို လာရောက် ဆွေးနွေးခဲ့ကြကြောင်း၊ ထို့နောက်ရလဒ်အား ခဏခဏ ရွှေ့ဆိုင်းခဲ့ကြောင်း၊ ထို့ကြောင့် စိတ်မကောင်းဖြစ်ခြင်းဖြစ်ကြောင်း၊ မကောင်းသတင်းဟု ယူဆခဲ့ကြောင်း၊ မည်သူကိုမှ အပြစ်မတင်ကြောင်း၊ MSG အနေဖြင့် ဘုတ်အဖွဲ့မှ အတည်ပြုချက်မရ၍ ရလဒ်မရခဲ့ခြင်းဖြစ်ကြောင်း၊ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း လည်း လမ်းညွှန်မှာကြားခဲ့သည်။

၂၉။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း မန္တလေးတိုင်းတွင် အရပ်ဘက်အဖွဲ့အစည်းများ အတွက် ညွှန်ကြားချက်များထွက်ခဲ့ခြင်းအတွက် Civic Space ကျဉ်းမြောင်းခဲ့ကြောင်း၊ အစိုးရဘက်မှ အရေးယူဆောင်ရွက်ရန် အဆိုပြုပါကြောင်း၊ ကရင်ပြည်နယ်တွင်လည်း မည်သည့်အစည်းအဝေးမဆို ခွင့်ပြုချက်ရယူရမည်ဟု ညွှန်ကြားချက်ထွက်ထားကြောင်း တင်ပြခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

၃၀။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အဆိုပါကိစ္စရပ်သည် EITI နှင့်တိုက်ရိုက်ပတ်သက်မှုရှိ၊ မရှိကိုလည်း မေးခွန်းထုတ်ချင်ကြောင်း၊ EITI စတင်အကောင်အထည်ဖော်စဉ်က MATA သည် အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် တရားဝင်အဖွဲ့အစည်းခွဲခြင်းရှိ၊ မရှိကိုလည်း မေးမြန်းချင်ကြောင်း ဆွေးနွေးခဲ့သည်။

၃၁။ မိမိတို့အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် MATA အနေဖြင့်မှတ်ပုံတင်မရှိခင်ကတည်းက ယခင်အစိုးရလက်ထက်တွင် MC4D ဆိုပြီး စတင်ဝင်ခဲ့ကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းသည် မှတ်ပုံတင် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အရပ်ဘက်အဖွဲ့အစည်းဖြစ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။

၃၂။ တိုင်းဒေသကြီးအချို့တွင် ညွှန်ကြားချက်အနေဖြင့် အစည်းအဝေးလုပ်မည်ဆိုပါက (၁၀) ရက်ကြိုတင်ခွင့်ပြုမိန့်ယူရမည်ဆိုသည့် စာများရောက်လာကြောင်း၊ အဆိုပါစာများ မိမိတို့ဆီအားလုံးရောက်နေကြောင်း၊ ပြည်ထဲရေးမှ ညွှန်ကြားရေးမှူးချုပ်ကလည်း ၎င်းတို့မပြုလုပ်ဟု ပြောဆိုထားကြောင်း၊ အဆိုပါကိစ္စအပေါ် အရေးယူဆောင်ရွက်သင့်ကြောင်း၊ တိုင်းနှင့်ပြည်နယ်အစိုးရမှ ညွှန်ကြားချက်များအား MSG မှစ၍ ပြန်လည်သုံးသပ်နိုင်ရန် ဆွေးနွေးထားရမည်ဖြစ်ကြောင်း၊ လွတ်လပ်စွာစုဝေးခွင့်ဆိုသည့်အချက်အား ဆန့်ကျင်နေကြောင်း၊ ဟိုတယ်များကိုလည်း ခွင့်ပြုမိန့်များအတွက် ငွေကြေးတောင်းခံမှုများရှိနေကြောင်း၊ ယခုအတိုင်းဆိုပါက ယခင်အစိုးရများထက်ပင် လွတ်လပ်မှုမရှိသည်ကို ပြသနေကြောင်း အရပ်ဘက်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

**နိုင်ငံတကာ EITI အတွင်းရေးမှူးရုံး၏ ခရီးစဉ်၊ systematic Disclosure ကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြခြင်း**

၃၃။ ၂၀၁၉ ခုနှစ်၊ ဩဂုတ် (၅) တွင် International secretariat မှလာမည်ဖြစ်ပြီး Corrective action နှင့် Comprehensive workplan များ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ၎င်းတို့မလာရောက်ခင် မိမိတို့ MSG အနေဖြင့် အဆိုပါ workplan အား ကြိုတင်ဆွေးနွေးပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ နည်းပညာအကြံပေးမှတင်ပြခဲ့သည်။

၃၄။ Systematic Disclosure နှင့်ပတ်သက်၍ မေလ (၃၀) ရက်နေ့၊ နည်းပညာနှင့် အစီရင်ခံစာအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါကိစ္စအား အကောင်အထည်ဖော်နိုင်ရန် CSO MOHINGA ၊ E-government working group တို့နှင့်သွားရောက်ညှိနှိုင်းရန် လိုအပ်သည်ဟုလည်း ဆုံးဖြတ်ထားကြောင်း၊ Project level reporting ကိုလည်း ဇွန်လ (၁၀) ရက်နေ့တွင် ကျင်းပခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း၊ မည်သည့်အတိုင်းအတာအထိ အဓိပ္ပာယ်သတ်မှတ်မည်ကိုဆွေးနွေးရန်လိုအပ်ပြီး workshop တစ်ခုကျင်းပရန်

ဆုံးဖြတ်ခဲ့ကြောင်း၊ ထို့အပြင် အဆိုပါအစည်းအဝေးမှ SOE Reform workshop အတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စများအား နောက်တစ်ကြိမ်ကျင်းပမည့်အစည်းအဝေးတွင် ဆွေးနွေးရန် ဆုံးဖြတ်ထားကြောင်း စသဖြင့် နည်းပညာကျွမ်းကျင်သူက တင်ပြခဲ့သည်။

၃၅။ အစိုးရကိုယ်စားလှယ်တစ်ဦးက Systematic Disclosure နှင့်ပတ်သက်၍ Global conference အတွေ့အကြုံအရ နိုင်ငံတော်တော်များ များဆောင်ရွက်နေကြကြောင်း၊ ASM meeting တွင်လည်း မိမိတက်ရောက်ခဲ့ပြီး ASM သည်အရေးပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ASM မှရသည့် revenue များကို မည်ကဲ့သို့ စုစည်းမည်ကို ခက်ခဲ ကြကြောင်း၊ Tanzania နိုင်ငံအနေဖြင့် license အများကြီးထားပြီး ကုမ္ပဏီများအဖြစ်ဖွဲ့စည်းခွင့်ပြုပြီး ဝင်ငွေရအောင်ဆောင်ရွက် ကြသည်ကို သိရကြောင်း၊ မိမိတို့နိုင်ငံတွင် ASM မှရသည့် revenue များကို တိုက်ဆိုင်စစ်ဆေးရန်ခက်ခဲ့ကြောင်း၊ ထို့ကြောင့် Systematic Disclosure သည် ASM မှဝင်ငွေများအား စုစည်းဖော်ပြနိုင်ရန် အခွင့်အလမ်းဖြစ်လာမည် ဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် အဂတိလိုက်စား မှုနေရာ၌ နံပါတ် (၁) ဖြစ်ခဲ့ကြောင်း၊ သို့ရာတွင် EITI ဆောင်ရွက်လိုက်သည့်အတွက် ပွင့်လင်းမြင်သာမှုများအားကောင်းလာပြီး ယနေ့အစွန် ဆောင်ပြီးပါက နောက်နေ့တွင် website page တွင် မြင်တွေ့ရကြောင်း၊ ထို့ကြောင့် Systematic disclosure သည် အလှမ်းမဝေးသည့် အတိုင်းအတာတွင်ရှိကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၃၆။ Project level reporting အနေဖြင့် မိမိတို့သတ္တုတွင်း စီမံကိန်းအသေးစားများစွာရှိ၍ သေချာဆွေးနွေးရန် လိုအပ်ကြောင်း၊ Contract disclosure နှင့်ပတ်သက်၍လည်း အလုပ်ရုံဆွေးနွေးပွဲတစ်ခုအား သေချာပြုလုပ်ရန်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးတို့အား ဖိတ်ခေါ်၍ ကျင်းပရန်လိုအပ်ကြောင်းလည်း အစိုးရကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။

၃၇။ EITI နှင့်ပတ်သက်၍ Authority တစ်ခုဖြစ်နေရန်လိုအပ်ကြောင်း၊ ဥပဒေမထွက်သေးခင် ညွှန်ကြားချက်တစ်ခုခုဖြင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဥပဒေအနေဖြင့် EITI Law သာ ရှိနေပါက Civic space ဆိုသည့်ပြဿနာများရှိလာမည်မဟုတ်ဘဲ ဥပဒေအတိုင်းဆောင်ရွက်ရန် ဖြစ်လာမည်ဖြစ်ကြောင်း၊ ရေရှည်အတွက် ကောင်စီ (သို့) ကော်မရှင်အနေဖြင့် ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ Downstream/Upstream market အတွက် ရောင်းကုန်၊ ဝယ်ကုန်ထွက်ပေါက်အား သေချာစွာရှိထားသင့်ကြောင်း၊ FPIC ဆိုသည့် ကုလသမ္မဂ ပြဌာန်းချက်များလည်းရှိကြောင်း၊ Reform ပြုလုပ်သည့်အခါများ၌ အောင်မြင်သူများရှိသလို ထိခိုက်နစ်နာသူများလည်းရှိကြောင်း၊ validation အတွက် မည်သူမျှအပြစ်မတင်ကြဘဲ MSG အားလုံးမှ တာဝန်ယူ၍ Requirement 1.3 အတွက် ဆောင်ရွက်ကြရန်တိုက်တွန်းကြောင်း၊ ကော်မတီတစ်ခုဖွဲ့စည်း၍ ဆောင်ရွက်မည်ဆိုပါက အောင်မြင်လိမ့်မည်ဖြစ်ကြောင်း ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

၃၈။ Reform တစ်ခုအနေဖြင့်လေ့လာခဲ့ရသည်မှာ E- government အား အခြေခံ၍ ဆောင်ရွက်ရသည့် Infrastructure သည်အလွန်အရေးကြီးကြောင်း၊ ယခုမြန်မာနိုင်ငံတွင် ဆောင်ရွက်ရန်ပြင်ဆင်နေကြကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။ ညှိနှိုင်းရေးမှူးကလည်း စီးပွားရေးမူဝါဒ (၁၂) ချက်တွင်ပါဝင်ပြီးဖြစ်ကြောင်း၊ ဆောင်ရွက်နေသည်မှာကြာပြီဖြစ်ကြောင်းလည်း ထောက်ပြခဲ့သည်။

၃၉။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့နိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ်လောက်ကတည်းက E – government အား စတင်ခဲ့ကြောင်း၊ E- Procurement စသည့်ဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ အမှန်တကယ်တွင် paper less ဖြစ်ရန် ရည်ရွယ်ကြောင်း၊ Portal တစ်ခုထား၍ ဌာနအားလုံးသုံး၍ ရရန် စီမံသင့်ကြောင်း၊ သို့မဟုတ်ပါက ပိုမိုအလုပ်ပိုလာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

၄၀။ ပါဝင်သက်ဆိုင်သူများအားလုံးအား ဖိတ်ကြားရှင်းလင်းမှုများလုပ်စေချင်ကြောင်း၊ မိမိအတွေ့အကြုံအရ Pre-cadastre ၏ အားနည်းချက်အရ ထိခိုက်မှုများရှိခဲ့ကြောင်း၊ အကူးအပြောင်း ကာလတွင် သေချာစွာ ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ Data Linkage များ အလွဲအမှားမရှိစေချင်ကြောင်း ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

၄၁။ Pre-Cadastre Working Group အနေဖြင့်လက်ရှိဝန်ကြီးဌာနနှင့်ချိတ်ဆက်မှုမရှိကြောင်း၊ ယခင်က လုပ်ကွက်များကို code များဖြင့်သာဆောင်ရွက်ခဲ့ကြကြောင်း၊ လက်ရှိအခြေအနေတွင် စနစ်တကျဖြင့် လက်ယာရစ်ကုတ်တင်းစနစ်ဖြင့် ဆောင်ရွက်နေကြောင်း၊ Pre-cadstre ကြောင့် လိုင်စင်မရခြင်းမှာ မဟုတ်မှန်ကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

၄၂။ Constituency တစ်ခုချင်းစီအတွက်လုပ်ပိုင်ခွင့်များ သေချာသတ်မှတ်ထားသင့်ကြောင်း၊ Grievance Mechanism တစ်ခုကောင်းမွန်စွာရှိထားသင့်ကြောင်း၊ အခြားနိုင်ငံများထံမှ မှီငြမ်းသင့်ကြောင်း၊ အဆိုပါ mechanism ရှိပါက တစ်ဦးနှင့်တစ်ဦးအငြင်းပွားစရာနည်းပါးလာမည်ဖြစ်ကြောင်း ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။

၄၃။ Validation ဆိုသည့်အောက်တွင် Grievence Method များလည်းရှိကြောင်း၊ Validation committee တစ်ခုဖွဲ့မလား၊ လုပ်ငန်းကော်မတီတစ်ခုတွင်ဆွေးနွေးမည်လားဆိုသည်ကို ဆုံးဖြတ်စေချင်ကြောင်း၊ Systematic disclosure နှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပေးပါရန်လည်း တိုက်တွန်းပါကြောင်း နည်းပညာအကြံပေးက တင်ပြခဲ့သည်။

၄၄။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ကော်မတီဖွဲ့မည်ဆိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကော်မတီတွင်ပါဝင်ရန်၊ ရှေ့နေချုပ်ရုံးမှလည်း ပါဝင်ရန်အကြံပြုကြောင်း ဆွေးနွေးခဲ့သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူကလည်း မိမိတို့ ညွှန်ကြားရေးမှူးချုပ်အား ဖိတ်ကြားရန်အကြံပြုကြောင်းလည်း ဆွေးနွေးခဲ့သည်။

၄၅။ အရပ်ဘက်အဖွဲ့အစည်းများအတွက် ကရင်ပြည်နယ်၊ ကယားပြည်နယ် နှင့် မွန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်များမှဒေသန္တရ ညွှန်ကြားချက်များရှိနေကြောင်း၊ အဆိုပါကိစ္စအပေါ် အစိုးရအနေဖြင့် အရေးယူဖြေရှင်းပေးရန်လိုအပ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ထပ်မံတင်ပြခဲ့သည်။

၄၆။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း EITI အစီရင်ခံစာအရ MOPF ဝန်ကြီးဌာနအောက်၌ Corporate income tax ၊ Personal Income Tax များတွင် ကွာခြားချက်များပိုများကြောင်း၊ Reform အား စဉ်းစားမည်ဆိုပါက အဆိုပါကိစ္စရပ်များအား ထည့်သွင်းစဉ်းစားသင့်ကြောင်းလည်း အကြံပြုခဲ့သည်။

**MOPF မှ Grant Extension နှင့်ပတ်သက်၍ တင်ပြခြင်း**

၄၇။ လက်ရှိ ပထမ grant ၌ ၂၀၁၉ ဒီဇင်ဘာလ (၃၁) အထိပါဝင်ကြောင်း၊ နောက်ထပ် Grant ၌ ၂၀၂၁ မတ်လ (၃၁) အထိ သက်တမ်းရှိကြောင်း၊ Time extension နှင့် Cost extension နှစ်ခုစလုံး တင်ထားကြောင်း၊ IA များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် MOBD နှင့် NCS တို့မှ အလေးထားရန် စာရင်းစစ်အစီရင်ခံစာမှ မှတ်ချက်ပြုထားကြောင်း၊ ကြိုတင်ငွေတောင်းခံမှုများနှင့်ပတ်သက်၍ အမှန်တကယ်သုံးစွဲမှုပမာဏ များကွာဟချက်များနေခြင်းကိုလည်း IFR အစီရင်ခံစာမှလည်း ထောက်ပြထားကြောင်း၊ ထို့အတွက် လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲကော်မတီတွင် တင်ပြခဲ့ရာ၌ တစ်လကြိုတင်၍ ကြိုတင်ငွေတောင်းခံခြင်း သာပြုရန် မေလ (၃၁) ရက်နေ့အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲ) မှ တင်ပြခဲ့သည်။

၄၈။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း စာရင်းစစ်ချုပ်ရုံးအစီရင်ခံစာအား ဆွေးနွေးမှုအရ ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း၊ တစ်လကြိုတင်တောင်းခံသည့်အတွက် အနီးစပ်ဆုံးဆောင်ရွက်နိုင်မည့်လုပ်ငန်းများသာ တင်ပြတောင်းခံခြင်းဖြစ်နိုင်ပြီး ခန့်မှန်းမှုနှင့် ပိုမိုနီးစပ်နိုင်ကြောင်း၊ ထို့အတွက် ဆွေးနွေးဆုံးဖြတ်ကြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၄၉။ လုပ်ငန်းအစီအစဉ်များအား MSG မှ တာဝန်ခံ၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မည်သည့် အစည်းအဝေးများမှ ဆုံးဖြတ်ထားသည်ကိုလည်း သေချာမှတ်တမ်းထားရှိရမည်ဖြစ်ကြောင်း၊ ရှင်းလင်းချက်အသေးစိတ်အား MSG မှ စာဖြင့် သေချာရေးသား၍ MOPF ထံပေးပို့ရန်လိုအပ်မည် ဖြစ်ပါကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက အကြံပြုခဲ့သည်။

၅၀။ ညှိနှိုင်းရေးမှူးရုံး၏ နည်းပညာကျွမ်းကျင်သူကလည်း အဆိုပါစာရင်းစစ်အစီရင်ခံစာအရ မဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများအနေဖြင့် ၂၀၁၉ ဇန်နဝါရီမှ မတ်လအတွင်းတွင် လုပ်ငန်းစဉ် ၇

ခုခန့်ရှိခန့်ရှိကြောင်း၊ ထိုကာလအတွင်း စတုတ္ထအကြိမ်အစီရင်ခံစာအတွက် အချိန်ယူရမည် ဖြစ်သည့်အတွက် မလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်အားလုံးအတွက် အကြောင်းအရင်းများရှိပါ ကြောင်း တင်ပြခဲ့သည်။

၅၁။ NCS မှ (၃) လစာရှင်းလင်းမှုအား Case by case တင်ခဲ့ပြီးဖြစ်ကြောင်း၊ တင်ပြီးသော်လည်း MOBD မှ ထပ်မံစိစစ်နေရသေးကြောင်း၊ ထို့ကြောင့် အချိန်အတိုင်းအတာအရ အပြန်အလှန်ဆက်သွယ်ရင်း ကြန့်ကြာမှုများ ရှိခဲ့ကြောင်း MOBD မှ တင်ပြခဲ့သည်။ ကမ္ဘာ့ဘဏ်မှလည်း ထပ်ထိုးမည့်စာချုပ်တွင် (၂) လဖြင့် တင်ရန် အဆိုပြုထားကြောင်းလည်း တင်ပြခဲ့သည်။ ICE Form ဖြင့်ဆောင်ရွက်ပါက အဆင်ပြေကြောင်း၊ ခန့်မှန်းမှုနှင့်သုံးစွဲမှုသည် များစွာကွဲလွဲမှု မရှိ စေချင်ကြောင်း၊ နောက်ပိုင်းဆောင်ရွက်ပါက (၁) လကြိုတင်၍သာ တင်ပါက သင့်တော်ကြောင်း MOBD မှ တင်ပြခဲ့သည်။

၅၂။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း IA ကိစ္စရပ်များနှင့်ပတ်သက်၍ Consultant များ၏ စာချုပ်များအား မည်ကဲ့သို့ ချုပ်ဆိုထားကြောင်း၊ အဆိုပါချုပ်ဆိုထားမှုများကိုလည်း ပြန်လည်သုံးသပ်မှုများပြုလုပ်ရန်လိုအပ်ကြောင်းအကြံပြုခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အချိန်ပိုင်းအကြံပေးများနှင့် စီမံကိန်းမန်နေဂျာ၏ လစာများ ပြန်လည်ချိန်ညှိရန်လိုအပ်ကြောင်း၊ သို့မဟုတ်ပါက စီမံကိန်းမန်နေဂျာအတွက် စီမံခန့်ခွဲရာတွင် အခက်အခဲများရှိနိုင်ကြောင်း အကြံပြုခဲ့သည်။

**IA ငှားရမ်းမည့်အစီအစဉ်များနှင့်ပတ်သက်၍ တင်ပြခြင်း**

၅၃။ IA ငှားရမ်းရန်အတွက် ဖွန်လ (၁၀) ရက်နေ့တွင် ရွေးချယ်ရေးကော်မတီကျင်းပ၍ ကနဦးအမှတ်ပေးရွေးချယ်ထားကြောင်း၊ ထို့နောက် evaluation report ရေးရကြောင်း၊ ကမ္ဘာ့ဘဏ်၏ system တစ်ခုကြောင့်အနည်းငယ်နောင့်နှေးခဲ့ကြောင်း၊ ၁၁-၇-၂၀၁၉ ရက်နေ့တွင် Evaluation Report အပေါ် NOL ရခဲ့ကြောင်း၊ ယခုအခြေအနေဆိုပါက နောက်ထပ် (၂) လဝန်းကျင်ခန့် အချိန်ယူရဦးမည်ဖြစ်ကြောင်း၊ Mining Cadastre အကြံပေးငှားရမ်းခြင်းအတွက် Request for Proposal (RFP) များရရှိထားပြီး ဖွင့်ဖောက်ထားပြီး ဖြစ်ကြောင်း MOBD မှတင်ပြခဲ့သည်။

၅၄။ ပဥ္စမအကြိမ်အစီရင်ခံစာတွင် သစ်တောကဏ္ဍအား ထည့်သွင်းမည်ဟုသိထားကြောင်း၊ ယခုအတိုင်းဆိုပါက အချိန်နှင့် လုပ်ငန်းအတိုင်းအတာအရ သစ်တောကဏ္ဍအား သီးသန့်ခွဲထုတ်ရန် အကြံပြုကြောင်း ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အချိန်အရ သီးသန့်ထုတ်သင့်ကြောင်း၊ သစ်တောအစီရင်ခံစာအား အနည်းငယ် အချိန်နောက်ကျ၍ timeline တစ်ခုဖြင့် ထုတ်သင့်ကြောင်း၊ သို့မဟုတ်လျှင် ToR ပြန်လည်ပြင်ဆင်နိုင်မည်လားဆိုသည်ကို ဆွေးနွေးသင့်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ဘက်မှ တာဝန်ရှိသူကလည်း ToR အား ပြောင်းလဲ၍ မရတော့ကြောင်း၊ အကယ်၍ IA အနေဖြင့် အစီရင်ခံစာပြုစုသည့်အခါ၌ အဆိုပါကိစ္စအပေါ် ညှိနှိုင်းစေချင်ကြောင်း တင်ပြခဲ့သည်။

## Comprehensive Workplan အားတင်ပြခြင်း

၅၅။ International secretariat မှ August 5 တွင် စတင်လာရောက်မည်ဖြစ်ကြောင်း၊ Work Plan အား အဆိုပါ EITI International အဖွဲ့မလာရောက်ခင် ကြိုတင်ဆွေးနွေးထားရန် လိုအပ်ကြောင်း၊ လောလောဆည်တွင် မိမိအနေဖြင့် ဇူလိုင်လ (၂၈-၃၀) ရက်နေ့များတွင် ကျင်းပရန် အဆိုပြုပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ရက်ရွေးချယ်သတ်မှတ် ပေးစေလိုကြောင်း၊ work plan အား ၂၀၁၉ EITI စံနှုန်းနှင့် Corrective actions များနှင့်ချိန်ညှိ၍ ပြန်လည်ပြင်ဆင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ corrective action တစ်ခုဖြစ်သည့် SOE များနှင့်ပတ်သက်၍ ပထမအကြိမ် SOE Workshop အား NRGI နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအကြိမ်အား NORAD နှင့်ညှိနှိုင်းနေကြောင်း နည်းပညာအကြံပေးမှတင်ပြခဲ့သည်။

## EITI Donor consultation အဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ တင်ပြခြင်း

၅၆။ ရန်ပုံငွေရှာဖွေရန်အတွက် အဓိကဖွဲ့ထား ခြင်းဖြစ်သည်ဟုသိရကြောင်း၊ NC မှ အတွင်းရေးမှူး အဖြစ် ပါရှိကြောင်း၊ MSG ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်သက်၊ ဦးခင်မောင်ဟန် တို့လည်းပါဝင်ကြောင်း၊ DACU နှင့် FERD တို့နှင့်တွေ့ဆုံ၍ ရန်ပုံငွေရရှိရန်အတွက် ဆွေးနွေးကြရန် ပါရှိကြောင်း နည်းပညာအကြံပေးမှ တင်ပြခဲ့သည်။

၅၇။ အဆိုပါအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ အရပ်ဘက်ကိုယ်စားလှယ်များ ကိုယ်စားပြုပါဝင်မှုမရှိကြောင်း၊ ထို့အပြင် အဖွဲ့ဝင်စာရင်းတွင်ပါဝင်သည့် ကိုယ်စားလှယ်များမှ သေချာစွာသိရှိမထားကြောင်း၊ ထို့အတွက် ကဏ္ဍအားလုံးပါဝင်နိုင်ရန်နှင့် လိုအပ်သလိုညှိနှိုင်းပြင်ဆင်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

## စတုတ္ထအကြိမ်အစီရင်ခံစာ၏ နောက်ဆက်တွဲအစီရင်ခံစာအခြေအနေအား တင်ပြခြင်း

၅၈။ နောက်ဆက်တွဲအစီရင်ခံစာအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ (၂၁) ကြိမ်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း၊ ထိုစဉ်က အစီရင်ခံစာတွင် MOGE Training fund များမပါဝင်ခဲ့ခြင်းကြောင့် အတည်မပြုနိုင်ခဲ့ကြောင်း၊ မေလ (၃၀) နှင့် ဇွန်လ (၂၄) ရက်နေ့များတွင် ကျင်းပခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးများတွင်လည်းဆွေးနွေးခဲ့ကြောင်း၊ အဆိုပါနေ့များတွင်

ကိုယ်စားလှယ်များက မှတ်ချက်များပေးခဲ့ပြီး ဖြေရှင်းထားကြောင်း၊ NoRAD မှလည်း MOGE's own production data အား မှတ်ချက်ပေးခဲ့သည့်အတွက် ထပ်မံပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း၊ နောက်ဆုံးအစီရင်ခံစာအား MSG နှင့် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီသို့ ဖြန့်ဝေထားပြီး မှတ်ချက်တောင်းခံထားရာ ထပ်မံသဘောထား မှတ်ချက်ပေးမှုများ မရှိကြောင်း စသဖြင့် နည်းပညာတာဝန်ခံမှ တင်ပြခဲ့သည်။

### (၅) ကြိမ်မြောက် BO Task force အစည်းအဝေး ဆုံးဖြတ်ချက်များတင်ပြခြင်း

၅၉။ နည်းပညာတာဝန်ခံမှ များသောအားဖြင့် BO Task force အစည်းအဝေးဆုံးဖြတ်ချက်များအား MSG တွင် တင်ပြလေ့မရှိကြောင်း၊ သို့သော် ယနေ့အစည်းအဝေးတွင် MSG မှ ဆုံးဖြတ်ပေးရမည့်ကိစ္စရပ်များ ရှိသောကြောင့် တင်ပြရခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

## ပဉ္စမအကြိမ်မြောက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (BO Task Force) အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက် ဆူးလေရှန်ဂရီလာဟိုတယ်၊ ရန်ကုန်

| စဉ် | ဆုံးဖြတ်ချက်များ | တာဝန်ရှိသူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | အမိန့်ကြော်ငြာစာတွင် အဓိပ္ပာယ်သတ်မှတ်ရာ၌ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုရာခိုင်နှုန်းအား ကန့်သတ်မထားဘဲ အချက်အလက်စိစစ်သည့်အခါ၌ သတ်မှတ်ထားသည့်ရာခိုင်နှုန်း ဖြင့် ဆက်လက်အကောင်အထည်ဖော်ရန် သဘောတူသည်။ | | |
| ၂ | BO Template အား Online form ဖြင့် အသုံးပြုရန် သဘောတူသည်။ | | |
| ၃ | • ကျောက်မျက်၊ သစ်တော၊ သတ္တု ကဏ္ဍတို့မှ ကုမ္ပဏီ ၃ ခုပါဝင်၍ BO Template Test Run အစမ်းဖြည့်သွင်းရာတွင် ပါဝင်ကူညီရန်<br>• MATA မှ ချိတ်ဆက်ကူညီရန် | | |
| ၄ | Time Limit of PEP (Lifespan) (နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများ၏ အကျိုးဝင်သည့် သက်တမ်းအား သတ်မှတ်ချက်နှင့်ပတ်သက်၍ အခြားနိုင်ငံများတွင် သတ်မှတ်ထားမှုများအား လေ့လာသုံးသပ်၍ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့တွင် တင်ပြဆွေးနွေးရန် | | |
| ၅ | NRGI မှ Mathieu Salomon ၏ ခရီးစဉ်အတွင်းဆောင်ရွက်မည့် အစည်းအဝေးများနှင့်အလုပ်ရုံဆွေးနွေးပွဲလျာထားမှုများအား သဘောတူသည်။ အဆိုပါအစည်းအဝေးများ နှင့် အလုပ်ရုံဆွေးနွေးပွဲ လျာထားရက်များအား ပြန်လည်ပြင်ဆင်ရန် ၊ | | |

| | | | |
|---|---|---|---|
| | • ဖိတ်ကြားမှုများအား လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် | | |
| ၆ | BO Data verification နှင့်စပ်လျဉ်း၍ ဒေတာပြီးပြည့်စုံမှုများအား DICA နှင့် NCS တို့မှ စစ်ဆေးပေးမည်ဖြစ်ပြီး ရရှိလာသည့်ရလဒ်များအား အခြေအနေအလိုက် ထုတ်ပြန်ပေးရန် (e.g Full disclosure companies, partial disclosure companies, no disclosure companies etc) | | |
| ၇ | ပထမအဆင့် BO အချက်အလက် ထုတ်ပြန်မည့် ကုမ္ပဏီစာရင်းနှင့်စပ်လျဉ်း၍ သုံးပွင့်ဆိုင်ညှိနှိုင်းအဖွဲ့သို့ တင်ပြ၍ ဆွေးနွေးအတည်ပြုချက်ရယူရန် (ဥပမာ - ရေနံ နှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများတွင် လက်ရှိလုပ်ငန်းဆောင်ရွက်ခြင်း မရှိသည့် ကုမ္ပဏီများပါဝင်နေခြင်း နှင့် အချို့သော ကုမ္ပဏီများ ပါဝင်မှုမရှိခြင်း) | | |
| ၈ | စတုတ္ထအကြိမ် EITI အစီရင်ခံစာတွင်ပါဝင်သည့် SOEs များအား BO Disclosure တွင် ပူးပေါင်းပါဝင်ရန် သဘောတူသည်။ | | |
| ၉ | BO Task Force အစည်းအဝေးများသို့ လေ့လာသူအဖြစ်တက်ရောက်လိုပါက MSG နှင့် EITI နယ်ပယ်အတွင်းမှ ပုဂ္ဂိုလ်များနှင့် အထောက်အကူပြုရန်လိုအပ်သည့် ဌာန၊ အဖွဲ့အစည်းများအား ခွင့်ပြုရန်၊<br>• လေ့လာသူအဖြစ်တက်ရောက်ရန်အဆိုပြုလာပါက BO Task Force သို့ တင်ပြ၍ သဘောထားမှတ်ချက်ရယူရန်၊<br>• လေ့လာသူအဖြစ်တက်ရောက်ရန်ခေါ်ဆောင်ခဲ့သည့် ကိုယ်စားလှယ်မှ တာဝန်ခံရန်၊<br>• လေ့လာသူအနေဖြင့် တိုက်ရိုက်ဆွေးနွေးပိုင်ခွင့်မရှိဘဲ တာဝန်ခံကိုယ်စားလှယ်မှ တဆင့်သာ ဆွေးနွေးနိုင်ပါသည်။ | | |
| ၁၀ | BO Task Force အစည်းအဝေးဖိတ်ကြားရာတွင် အရန်ကိုယ်စားလှယ်များပါ ဖိတ်ကြားရန်၊<br>• ဖိတ်ကြားရာတွင် "အဆင်ပြေပါက အရန်ကိုယ်စားလှယ်များ ပါ တက်ရောက်ရန်" ဟု ထည့်သွင်းဖိတ်ကြားရန်၊<br>• MSG အစည်းအဝေးများတွင်ကျင့်သုံးသည့်မူဘောင်အတိုင်း အရန်ကိုယ်စားလှယ်များအတွက် ခရီးစရိတ်ပေးချေခြင်း မပြုရန်၊ | | |
| ၁၁ | Matthieu ၏ ခရီးစဉ်အတွင်း ပါဝင်သည့် BO Awareness workshop ,Trainings နှင့်အခြား ကုန်ကျစရိတ်များအား MEITI Work Plan ပါ BO လုပ်ငန်းစဉ် ဘတ်ဂျက်လိုင်း မှ ကျခံသုံးစွဲရန် သဘောတူသည်။ | | |
| ၁၂ | သင်တန်းများ နှင့် BO လုပ်ငန်းစဉ်တစ်လျှောက် DICA မှ လိုက်ပါကူညီ ဆောင်ရွက်သူများ၏ ကုန်ကျစရိတ်အား MEITI Workplan ၏ Consultant Support Service ဘတ်ဂျက်လိုင်းမှ ကျခံသုံးစွဲခွင့်ပြုသည်။ | | |

၆၀။ နည်းပညာတာဝန်ခံမှ အဓိကတင်ပြလိုသည်မှာ အဆိုပါအစည်းအဝေး၌ စတုတ္ထအကြိမ်အစီရင်ခံစာတွင် ပါဝင်သည့်ကုမ္ပဏီများအား BO ဖော်ပြနိုင်ရန်အတွက် ဆွေးနွေးခဲ့ရာ တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍကိုယ်စားလှယ်တစ်ဦးက ၎င်းတို့ကဏ္ဍတွင် ကုမ္ပဏီ (၄၁) ခုအား Threshold တွင်ပါဝင်ခဲ့သော်လည်း အမှန်တကယ်သက်တမ်းရှိနေဆဲ ကုမ္ပဏီ (၂၅) ခုသာဒေတာပေးနိုင်ခဲ့ကြောင်း၊ ထို့အတွက် ၎င်းတို့ကဏ္ဍ ကိုယ်စားပြုမှု % လျော့ကျနေပြီး ပြန်လည်သုံးသပ်စေချင်ကြောင်း၊ ယခု BO အချက်အလက်ဖော်ပြရာတွင်လည်း အမှန်တကယ် သက်တမ်းရှိသော ကုမ္ပဏီများအား ထည့်သွင်းနိုင်ရန်အတွက် ဆုံးဖြတ်ပေးနိုင်ရန် တင်ပြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၆၁။ အဆိုပါကိစ္စအတွက် အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း သက်တမ်းကုန်ဆုံးသွားပြီး terminate ဖြစ် သွားသည့်ကုမ္ပဏီများအား ဒေတာအချက်အလက်တောင်းခံရန် မလွယ်ကူကြောင်း၊ ထို့အတွက် ဖြစ်နိုင်ပါက အားလုံးမှ ဆုံးဖြတ်စေလိုကြောင်းပြောကြားခဲ့ပြီး အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက သက်တမ်းကုန်သွားသည့်ကုမ္ပဏီများအနေဖြင့် ကာလမည်မျှကြာနေသည်ကို သက်ဆိုင်ရာဌာနများနှင့် ပြန်လည်စစ်ဆေးစေချင်ကြောင်း အကြံပြုခဲ့သည်။

၆၂။ ဆက်လက်၍ နည်းပညာညှိနှိုင်းရေးတာဝန်ခံက Politically Exposed Person (PEP) ၏ ကာလသတ်မှတ်ချက်များနှင့်ပတ်သက်၍ ဆက်လက်တင်ပြရာတွင် International secretariat ထံသို့ အီးမေးလ်ဖြင့်ဆက်သွယ်ညှိနှိုင်းခဲ့ကြောင်း၊ ၎င်းတို့ထံမှ သိရှိရသည်မှာ Financial Action Task Force (FATF) ၏ Guideline အရလည်း PEP အဓိပ္ပာယ်သတ်မှတ်ချက်အား Once a PEP – could always remain a PEP ဟု ဖော်ပြထားကြောင်း၊ အချိန်ကာလအား ပုံသေသဘောမျိုးဘဲ သက်ရောက်မှုအတိုင်းအတာအပေါ် အကဲဖြတ်ပြီးမှသာ အခြေခံသင့်ကြောင်၊ ထို့အပြင် အဆိုပါ PEP ၏ ထမ်းဆောင်ခဲ့သည့်ရာထူးအတိုင်းအတာနှင့်လွှမ်းမိုးနိုင်မှုအခြေအနေများ၊ ဆက်ခံသူအဖြစ်လွှဲအပ်မှုပုံစံများ၊ လက်ရှိအာဏာရအဖွဲ့အစည်းများနှင့် ဆက်စပ်မှုအခြေအနေများအပေါ်တွင် သုံးသပ်သင့်ကြောင်း၊ အကယ်၍ ယခင် PEP အနေဖြင့်လွှမ်းမိုးမှုကြီးမားနေသည်ဆိုပါက PEP သတ်မှတ်ချက်သက်တမ်းအား ကာလရှည်ပိုမိုထားရန်အကြံပြုကြောင်း စသဖြင့် ပြန်လည်တင်ပြခဲ့သည်။

သက်တမ်းကန့်သတ်မထားစေချင်ကြောင်း ကိုယ်စားလှယ်အားလုံးမှ အဆိုပြုခဲ့ပြီး လက်ရှိ BO အတွက် သတ်မှတ်ထားသည့် ၅% အပေါ်အခြေခံ၍ ဆက်လက်ဆောင်ရွက်ရန် ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

၆၃။ BO အချက်အလက်ဖြည့်သွင်းဖြည့်သွင်းခြင်းအတွက် လက်ရှိအချိန်တွင် NRGI Myanmar ၊ DICA တို့နှင့်ညှိနှိုင်းကာ google form အား ပြင်ဆင်နေကြောင်း၊ Consultant ဖြစ်သူ Mattheiu Salomon ၏ ခရီးစဉ်အတွင်း အချိန်မီဆောင်ရွက်နိုင်ရန်အတွက် စိစဉ်နေကြောင်း၊ ထို့အတွက် EITI website (သို့) DICA website တို့တွင် အချက်အလက်ဖော်ပြနိုင်ရန် စိစဉ်ထားရမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များ အနေဖြင့် ဆုံးဖြတ်ပေးစေလိုကြောင်းတင်ပြခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

ယခုလောလောဆည်တွင် EITI Website တွင် domain ယူ၍ ဆောင်ရွက်ရန်နှင့် နည်းပညာနှင့် ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များအတွက် ပြန်လည်တင်ပြရန် ဆွေးနွေးခဲ့သည်။

**အထွေထွေဆွေးနွေးချက်များ**

**Legal Review ToR နှင့်ပတ်သက်၍ တင်ပြခြင်း**

၆၄။ အဆိုပါ ToR နှင့်ပတ်သက်၍ ၂၀၁၈ ကတည်းက စတင်ခဲ့ကြောင်း၊ (၁၈) ကြိမ်မြောက်အစည်းအဝေးတွင်လည်း ဆုံးဖြတ်ခဲ့ကြောင်း၊ ထို့နောက် မတ်လ (၁၀) ရက်နေ့ နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးတွင် ရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်တစ်ဦးပါဝင်၍ ဆွေးနွေးခဲ့ကြောင်း၊ Law နှင့်ပတ်သက်၍ ကျွမ်းကျင်သည့်အကြံပေးမှ ရရှိရန်လိုအပ်ကြောင်း၊ ဆက်လက်၍ နည်းပညာနှင့် အစီရင်ခံစာ အစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးရန်လိုအပ်ကြောင်း၊ နည်းပညာကျွမ်းကျင်သူက ဆွေးနွေးတင်ပြခဲ့သည်။

**Programme Manager ခန့်အပ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ တင်ပြခြင်း**

၆၅။ ၂၀၁၉ ခုနှစ်၊ မေလ ၌ Announcement ပြုလုပ်၍ ခေါ်ခဲ့ကြောင်း၊ (၁၄) ဦး လာရောက်လျှောက်ထားခဲ့ကြောင်း၊ ထိုအထဲတွင် ဆရာဝန်၊ အင်ဂျင်နီယာ၊ သူနာပြု၊ စီမံကိန်း၊ ဖွံ့ဖြိုးရေးကဏ္ဍများ စသည့်နောက်ခံများရှိကြကြောင်း၊ လျှောက်ထားသူများမှ ရွေးချယ်၍ တွေ့ဆုံ မေးမြန်းထားကြောင်း၊ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ အစိုးရကိုယ်စားလှယ်၊ ပုဂ္ဂလိကကိုယ်စားလှယ်နှင့် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးစီပါဝင်၍ တွေ့ဆုံပေးမှုများရှိခဲ့ကြောင်း၊ ထို့အပြင် အဆိုပါရွေးချယ်ထားသည့် (၃) ဦးအား Knowledge test များလည်း ပြုလုပ်ထားပါကြောင်း စသဖြင့် နည်းပညာကျွမ်းကျင်သူက တင်ပြခဲ့သည်။

၆၆။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း Programme Manager ၏ လစာအား consultant များ၏ လစာနှုန်းထားနှင့် ပြန်လည်ချိန်ညှိရန် အကြံပြုကြောင်း၊ ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးက NCS ရုံးသည် အမျိုးသားအဆင့်ဖြစ်သဖြင့် Pros and Cons အား ကြည့်၍ မိမိတို့လျှောက်လှမ်းသော လုပ်ငန်းစဉ်အား တွန်းအားပေးနိုင်သည့် Programme Manager အဖြစ် ခန့်အပ်ပေးစေချင်ကြောင်း၊ ထို့နောက် ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးက NCS ဝန်ထမ်းများ၏ level Background အား မျှဝေပေးစေချင်ကြောင်း၊ သို့မှသာ မိမိတို့နှင့်ဆက်သွယ်ဆောင်ရွက်နေသည့် ဝန်ထမ်းနှင့်မည်ကဲ့သို့ ဆက်သွယ်ပြောဆိုရမည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း အကြံပြုခဲ့သည်။

**Annual Progress Report (APR)၊ Subnational Coordination Unit (SNU)၊ EITI Standard နှင့် Awareness ကိစ္စရပ်များအား ဆွေးနွေးခြင်း**

၆၇။ APR အား ၂၀၁၉ ခုနှစ်၊ မေလတွင် စတင်ရေးသားခဲ့ကြောင်း၊ ၁၂-၆-၂၀၁၉ ရက်နေ့တွင် MSG မှ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီထံသို့ တာဝန်ပေးခဲ့ကြောင်း၊ အစီရင်ခံစာမူကြမ်းအား ၂၄-၆-၂၀၁၉ ရက်နေ့တွင် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးက သုံးသပ်ခဲ့ကြပြီး အားသာချက်၊ အားနည်းချက်များ၊ စိန်ခေါ်မှုများအား သဘောထားမှတ်ချက်များပေးခဲ့ကြောင်း၊ ထို့နောက် ၂၉-၆-၂၀၁၉ ရက်နေ့တွင် အပြီးသတ်အစီရင်ခံစာအား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီထံသို့ တင်ပြခဲ့ပြီး အတည်ပြုချက်ရယူကာ နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးထံသို့ တင်ပြခြင်းနှင့် မြန်မာ EITI website စာမျက်နှာတွင် ဖော်ပြထားခြင်းများပြုလုပ်ထားကြောင်း ပြန်ကြားရေးတာဝန်ခံက တင်ပြခဲ့သည်။

၆၈။ ထို့အပြင် MSG ToR အား ပြန်လည်သုံးသပ်သည့်အခါ SNU များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ထည့်သွင်း စဉ်းစားရန်လိုအပ်မည်ဖြစ်ကြောင်း၊ SNU များအနေဖြင့်လည်း ရန်ပုံငွေလိုအပ်ချက်များနှင့် EITI နှင့်ပတ်သက်၍ EITI စံနှုန်းအသစ်များနှင့်ပတ်သက်၍ awareness များလည်းလိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ပြန်ကြားရေးနှင့် ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီလုပ်ငန်းခွဲ ကော်မတီအစည်းအဝေးတွင်လည်း SNU များအတွက် ရန်ပုံငွေရရှိရန်အလို့ငှာ Donor များနှင့်တွေ့ဆုံဆွေးနွေးနိုင်ရန်လည်း ဆုံးဖြတ်ခဲ့ကြကြောင်း စသဖြင့် လက်ရှိအခြေအနေများအား ပြန်ကြားရေးတာဝန်ခံမှ တင်ပြခဲ့သည်။

၆၉။ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်တစ်ဦးကလည်း SNU များအား Guideline သေချာပေးသင့်ကြောင်း၊ ထို့နောက်မှသာ ရန်ပုံငွေရှာရန် ဆက်လက်လုပ်ဆောင်သင့်ကြောင်း၊ ဖွဲ့စည်းမှုများအားလည်း Reform ပြုလုပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ အချို့ဒေသများတွင် ပီပီပြင်ပြင်အကောင်အထည်ဖော်မှု ရှိမနေသေးကြောင်း ထောက်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း SNU များနှင့်ပတ်သက်၍ တက်တက်ကြွကြွပါဝင်လာနိုင်ရန်အတွက် ဝန်ကြီးချုပ်များအား ညှိနှိုင်း၍ လုပ်ဆောင်ရန်အကြံပြုခဲ့သည်။

၇၀။ မန္တလေးတိုင်း SNU ကိုယ်စားလှယ်တစ်ဦးကလည်း SNU ဖွဲ့စည်းရာ၌ မန္တလေးတိုင်း၌ အစိုးရကိုယ်စားလှယ် (၁၀) အရပ်ဘက် (၅) ၊ လုပ်ငန်းရှင် (၅) ဦး ပါဝင်ဖွဲ့စည်းထားကြောင်း၊ မန္တလေးတိုင်းတွင် ထွေ/အုပ်မှ ဦးစီးဦးဆောင်အခမ်းကဏ္ဍမှ မပါဝင်ကြောင်း၊ အရပ်ဘက်မှ ပူးပေါင်းပါဝင်မှုကောင်းပြီး အားနည်းသည်မှာ ထွေ/အုပ်နှင့်လုပ်ငန်းရှင်ပိုင်းမှဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၇၁။ မကွေးတိုင်းမှ ကိုယ်စားလှယ်တစ်ဦးကလည်း မကွေးတိုင်းတွင် ဖွဲ့စည်းပုံအရ အတွင်းရေးမှူးအား တိုင်းအစိုးရအဖွဲ့၏ ညွှန်ကြားရေးမှူး ဖြစ်နေသည့်အတွက် ဆက်သွယ်ရန်ခက်ခဲ

ကြောင်း၊ ရာထူးကိုသာဖွဲ့စည်းပုံတွင်ပါဝင်ခဲ့ကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ဆက်သွယ်ဆောင်ရွက်ရန်ခက်ခဲကြောင်း အဆိုပါကိစ္စရပ်များအတွက် ညှိနှိုင်းဆောင်ရွက်မှုတစ်ခုခုလိုအပ်ကြောင်း တင်ပြခဲ့သည်။

၇၂။ ဆက်လက်၍ ပြန်ကြားရေးတာဝန်ခံမှ မိမိတို့အနေဖြင့် EITI Standard အသစ်ထွက်ရှိလာခြင်းနှင့်အတူ အချို့သော ပြည်သူလူထုပိုမိုသိရှိရန်လိုအပ်သည့် Beneficial Ownership လုပ်ငန်းစဉ်များအတွက် အမြင်ဖွင့်အလုပ်ရုံဆွေးနွေးပွဲသဖွယ် လုပ်ငန်းစဉ်များဆောင်ရွက်ရန်လျာထားကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့်လည်း ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းသွားမည်ဖြစ်ကြောင်းလည်းတင်ပြခဲ့သည်။

၇၃။ နောက်တစ်ကြိမ်ကျင်းပမည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးအား International Secretariat ၏ ခရီးစဉ်အတွင်းကာလဖြစ်သည့် ဩဂုတ်လ (၈-၁၃) ကာလအတွင်း ကျင်းပနိုင်ရန်လည်း ဆွေးနွေးခဲ့သည်။ အစီရင်ခံစာများထုတ်ပြန်ခြင်းကိစ္စရပ်များ အတွက် နောက်ဆက်တွဲအစီရင်ခံစာအား အသုံးပြု၍ ထုတ်ပြန်ရန်နှင့် ပြည်နယ်များတွင် ဦးစားပေးကျင်းပရန် ဆွေးနွေးခဲ့ ကြသည်။

**မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှ နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားခြင်း**

၇၄။ အားလုံးတက်တက်ကြွကြွဖြင့် ဆွေးနွေးခဲ့ကြခြင်း၊ စည်းစည်းလုံးလုံးဖြင့် ဆက်လက်ဆောင်ရွက်ကြရန်တိုက်တွန်းကြောင်း၊ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အားလုံး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ SNU များကို ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားခဲ့သည်။

## (၂၂) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

**၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်** **ဆူးလေရှန်ဂရီလာဟိုတယ်၊ ရန်ကုန်**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်အချိန် | တာဝန်ရှိသူ |
|---|---|---|---|
| ၁ | မြန်မာနိုင်ငံ Validation နှင့်ပတ်သက်၍ ဆွေးနွေးကြရာ Requirement 1.3၊ Grievance Mechanism နှင့် သယံဇာတကော်မရှင် ဖွဲ့စည်းနိုင်ရေး ကိစ္စရပ်များ အဓိကဆွေးနွေးရန်ရည်ရွယ်၍ ယာယီကော်မတီတစ်ခုအား ဖွဲ့စည်းရန် သဘောတူသည်။ | | |

| | | | |
|---|---|---|---|
| | • MSG ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့မှ ရှေ့နေချုပ်ရုံး၏ ကိုယ်စားလှယ်တို့ ပါဝင်ဖွဲ့စည်းရန်၊<br>• ကော်မတီ၏ အစည်းအဝေးများအား နေပြည်တော်တွင် ကျင်းပရန်၊ | | |
| ၂ | စာရင်းစစ်အစီရင်ခံစာမှတ်ချက်များအတွက် ရှင်းလင်းချက်အား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ MOPF ထံသို့ တရားစာပို့ရန် သဘောတူသည်။ | | |
| ၃ | လက်ရှိ MOU အတိုင်း လစာကြိုတင်ငွေတောင်းခံမှုဖြင့် ထည့်သွင်း၍ ချုပ်ဆိုရန် သဘောတူသည်။<br>• လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အနီးစပ်ဆုံးကုန်ကျစရိတ်အား ခန့်မှန်းတောင်းခံရန် | | |
| ၄ | (၅) ကြိမ်မြောက် MEITI အစီရင်ခံစာပြုစုသည့်အခါ သစ်တောကဏ္ဍအတွက် ပြုစုမှု Timeline အား IA ၏ လက်ရှိ ToR အတိုင်းဆောင်ရွက်ရန်နှင့် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။ | | |
| ၅ | EITI Donor Consultation အဖွဲ့ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ကဏ္ဍသုံးခုလုံးမှ ကိုယ်စားလှယ်များပါဝင်ရန် ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်ရန် သဘောတူသည်။ | | |
| ၆ | MEITI Comprehensive Workplan ဆွေးနွေးရန် အလုပ်ရုံဆွေးနွေးပွဲအား ဇူလိုင်လ (၂၈-၃၀) ရက်များတွင် ကျင်းပနိုင်ရန်အတွက် ဆက်လက်စီစဉ်ရန် သဘောတူသည်။ | | |
| ၇ | စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ၏ နောက်ဆက်တွဲ အစီရင်ခံစာအား အတည်ပြုသည်။ | | |
| ၈ | Beneficial Ownership နှင့်စပ်လျဉ်း၍ အောက်ပါအချက်တို့အား သဘောတူသည်-<br>• PEP သတ်မှတ်ချက် lifespan အား ကန့်သတ်မထားဘဲ ဆက်လက်ဆောင်ရွက်ရန်၊<br>• ပထမအဆင့် BO အချက်အလက်ဖြည့်သွင်းခြင်းလုပ်ငန်းစဉ်တွင် အစီရင်ခံစာပါကုမ္ပဏီများမှ လက်ရှိ ရှိနေသောကုမ္ပဏီများ ပါဝင်နိုင်ရေး စိစစ်ညှိနှိုင်းရန်၊ | | ` |
| ၉ | မန္တလေးတွင် BO Awareness Raising ပြုလုပ်နိုင်ရန် သင်တန်းခန်းမနေရာအတွက် MFMA ထံသို့ တရားဝင်စာရေးရန် သဘောတူသည်။ | | |

| | | | |
|---|---|---|---|
| ၁၀ | BO Data Progress များအား MEITI Website တွင် Domain ထား၍ ဆောင်ရွက်ရန် သဘောတူသည်-<br>• Website ထိန်းသိမ်းစီမံမှုဆိုင်ရာကုန်ကျစရိတ်နှင့် နည်းပညာကိစ္စရပ်များအား ညှိနှိုင်းတင်ပြရန် | | |
| ၁၁ | SNU များအတွက် Guidance ရေးဆွဲပေးနိုင်ရန်အတွက် MSG ကိုယ်စားပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီတစ်ခုတွင် ဆွေးနွေးရန် သဘောတူသည်။<br>• Guidance Note ရေးဆွဲရာတွင် SNU နာယကများနှင့် အတွင်းရေးမှူး (၃) ဦးတို့အား ဖိတ်ကြားရန် | | |
| ၁၂ | စတုတ္ထအကြိမ်မြောက် MEITI အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းအခမ်းအနားများအား ပြည်နယ်များတွင် ဦးစားပေးပြုလုပ်ရန် သဘောတူသည် -<br>• ရှမ်းပြည်နယ်တွင် ဦးစားပေးကျင်းပရန်<br>• အခြားပြည်နယ်များနှင့် အသေးစိတ်အချက်အလက်များအား ပြန်ကြားရေးနှင့် ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရန်၊ | | |
| ၁၃ | တတိယအကြိမ်မြောက် MEITI အစီရင်ခံစာ မြန်မာဘာသာပြန်အား အတည်ပြုသည်။ | | |
| ၁၄ | International Secretariat ၏ ခရီးစဉ်ကာလအတွင်း International Secretariat နှင့်တွေ့ဆုံနိုင်ရန်အတွက် ဩဂုတ်လ (၁၂) ရက်နေ့တွင် (၂၃) ကြိမ်မြောက် MSG အစည်းအဝေးကျင်းပရန် သဘောတူသည်။ | | |

(၂၂) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေးတက်ရောက်သူများစာရင်း (၁၂-၇-၂၀၁၉)

| စဉ် Sr. | အမည် (Name) | အဖွဲ့အစည်း Department/Organization | Position တာဝန် |
|---|---|---|---|
| MSG (Government Members) | | | |
| 1 | ဦးမောင်မောင်ဝင်း<br>U Maung Maung Win | MOPF | Deputy Minister, MSG Chairman |
| 2 | ဒေါက်တာရဲမြင့်ဆွေ | MONREC | Deputy Minister, Observer |
| 3 | ဦးကျော်သက်<br>U Kyaw Thet | DOM | DDG |
| 4 | ဦးအေးနိုင်<br>U Aye Naing | GAD | DD |
| 5 | ဦးသန်းဌေးအောင်<br>U Than Htay Aung | MOGE | Advisor |
| 6 | ဒေါ်လှလှကျိန်<br>Daw Htar Yee | OAG | Director |
| 7 | ဦးမင်းသူ<br>U Min Thu | MGE | General Manager |
| 8 | ဒေါ်မူမူစော<br>Daw Mu Mu Saw | IRD | Director |
| 9 | ဦးစိုးရီ<br>U Soe Yee | MTE | AGM |
| MSG (Private Members) | | | |
| 10 | ဦးခင်မောင်ဟန်<br>U Khin Maung Han | MFMA | Chairman |
| 11 | ဒေါက်တာစိန်ဝင်း<br>Dr.Sein Win | MFPTMA | Chairman |
| 12 | ဦးဇော်ဘိုခန့်<br>U Zaw Bo Khant | MGJEA | Chairman |
| 13 | ဦးဝင်းတင်<br>U Win Tin | Total | Head of PSC & Partners Reporting |
| 14 | ဦးမျိုးဇော်မျိုးဦး<br>U Myo Zaw Oo | MPRL Exp | Director for Government & Public Affairs |
| 15 | ဦးခင်မောင်ဆွေ | Myanmar Yangtse Copper | HOD, QHSE |

| | | | |
|---|---|---|---|
| | U Khin Maung Swe | | |
| | | MSG (CSO Members) | |
| 16 | ဒေါ်မိုမိုးထွန်း<br>Daw Moe Moe Tun | MATA | MSG member |
| 17 | ဦးကျော်သူ<br>U Kyaw Thu | MATA | MSG Member |
| 18 | ဦးနိုင်လင်းထွဋ်<br>U Naing Lin Htut | MATA | MSG Member |
| 19 | ဦးသန့်ဇင်<br>U Thant Zin | MATA | MSG Member |
| 20 | ဦးအောင်ကျော်မိုး<br>U Aung Kyaw Moe | MATA | MSG Member |
| 21 | ဦးရဲသိမ်းဦး<br>U Ye Thein Oo | MATA | MSG Member |
| 22 | ဦးအောင်ဘိုဘိုထက်<br>U Aung Bo Bo Htet | MATA | MSG Member (Alternate) |
| 23 | ဦးရဲလင်းမြင့်<br>U Ye Lin Myint | MATA | National Coordinator |
| | | SNU Members | |
| 24 | ဦးစံငွေ<br>U San Ngwe | Member | Taninthary SNU |
| 25 | ဦးသန့်ဇင်ဦး<br>U Thant Zin Oo | Member | Sagaing SNU |
| 26 | ဦးအောင်နိုင်<br>U Aung Naing | Member | Sagaing SNU |
| 27 | ဦးငွေလင်း<br>U Ngwe Linn | MATA SC | Sagaing SNU |
| 28 | ဦးသန်းစိုး<br>U Than Soe | Director, Forest Department | Sagaing SNU |
| 29 | ဦးအောင်သူရိန်အောင်<br>U Aung Thu Yein Aung | Member | Magwe SNU |
| 30 | ဒေါ်မိမိသိန်း<br>Daw Mi Mi Thein | MATA SC (MSG Alternate) | Shan SNU |
| 31 | ဦးရဲအောင်<br>U Ye Aung | MATA SC | Mandalay SNU |

| | | | |
|---|---|---|---|
| 32 | ဦးမိုးဆွေ<br>U Moe Swe | Director, DOM | Mandalay SNU |
| | MOBD and Observers | | |
| 33 | ဒေါ်ခင်ခင်လွင်<br>Daw Khin Khin Lwin | MOBD | Director |
| 34 | ဒေါ်သွယ်သွယ်ထွန်း<br>Daw Thwe Thwe Tun | MOBD | DD |
| 35 | ဒေါ်ခင်ပပခိုင်<br>Daw Khin Pa Pa Khaing | MOBD | AD |
| 36 | ဒေါ်မိုင်ခင်နွေးရှိန်<br>Daw Mai Khin Nway Shein | MOBD | SO |
| 37 | ဦးစတီးဘိုဘို<br>U Steel Bo Bo | GAD | |
| 38 | ဦးကျော်ကိုဝင်း<br>U Kyaw Ko Win | MTE | AM |
| 39 | ဦးရွှေဝင်း<br>U Shwe Win | MGE | Manager |
| 40 | ဒေါ်ကြူကြူဝင်း<br>Daw Kyu Kyu Win | MGE | Manager |
| 41 | Tinzar Tun | WB | Consultant |
| 42 | Shona Skirkwood | WB | Consultant |
| 43 | ဒေါ်ယုယုနိုင်<br>Daw Yu Yu Naing | DFID | Advisor |
| 44 | ဒေါ်ဇင်လင်းလင်းချစ်<br>Daw Zin Lin Lin Chit | DFID | Programme Officer |
| 45 | ဦးမော်ထွန်းအောင်<br>U Maw Htun Aung | NRGI | Country Manager |
| 46 | Mr. Hosana | NRGI | SO |
| 47 | ဒေါ်အေးကြည်သာဆွေ<br>Daw Aye Kyi Thar Swe | NRGI | |
| 48 | ဦးထူးအောင်<br>U Htoo Aung | MATA | PC |
| 49 | ဦးမျိုးမင်းသန့်<br>U Myo Min Thant | MATA | Coordinator |
| 50 | Doig Seng Htun | MATA | Program Manager |

| | | | |
|---|---|---|---|
| 51 | ဦးအောင်လွင်<br>U Aung Lwin | MOPF | AD |
| 52 | Carol Te | Oxfam | PM |
| 53 | U Myo Thu | Oxfam | PO |
| 54 | ဦးကျော်ဇော်ထွန်း<br>U Kyaw Zaw Htun | DOM | AGO |
| 55 | ဒေါက်တာအောင်ကျော်လှိုင်<br>Dr. Aung Kyaw Hlaing | MFMA | EC |
| | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS) | | |
| 56 | ဦးစိုးဝင်း<br>U Soe Win | NCS | National Coordinator |
| 57 | ဦးအောင်ခိုင်<br>U Aung Khine | NCS | Policy Development and Technical Advisor |
| 58 | ဒေါ်ဇင်မာမြိုင်<br>Daw Zin Mar Myaing | NCS | Technical Advisor |
| 59 | ဦးထွန်းပေါ်ဦး<br>U Htun Paw Oo | NCS | Technical Specialist |
| 60 | ဦးနေမင်းမောင်<br>U Nay Min Maung | NCS | Technical Coordinator |
| 61 | ဒေါ်အေးချမ်းဝေ<br>Daw Aye Chan Wai | NCS | Technical Officer |
| 62 | ဦးစိုးသီဟနိုင်<br>U Soe Thiha Naing | NCS | Admin Officer |
| 63 | ဒေါ်ထက်နန္ဒာအောင်<br>Daw Htet Nandar Aung | NCS | C&O Officer |
| 64 | ဦးကျော်သင်းမောင်<br>U Kyaw Thin Maung | NCS | Program Assistant |
| 65 | ဒေါ်ရွှေရည်အောင်<br>Daw Shwe Yi Aung | NCS | Finance Officer |
| 66 | ဦးတက်ထွန်းဆိုင်<br>U Tat Tun Sai | NCS | Admin Assistant |
| 67 | ဦးဇင်ကိုကိုအောင်<br>U Zin Ko Ko Aung | NCS | C&O A |
| 68 | ဦးမောင်မောင်မြင့်လွင် | NCS | IT Officer |

| | | | |
|---|---|---|---|
| | U Maung Maung Myint Lwin | | |
| 69 | ဦးသန့်မြဝင်း<br>U Thant Mya Win | NCS | Intern |
| 70 | ဦးမြတ်မင်းသူရ<br>U Myat Min Thura | NCS | Intern |